ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်၊ ဗုဒ္ဓဟူးနေ့ (2-6-2010) (၆၄၁၇)

နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အီတလီသမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်   ဇွန်   ၂

၂၀၁၀ ခုနှစ် ဇွန် ၂ ရက်တွင် ကျရောက်သော အီတလီသမ္မတနိုင်ငံတည်ထောင်သည့် နှစ်ပတ်လည်နေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အီတလီသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဂျော်ဂျီယို၊ နာပိုလီတာနိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် အီတလီသမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်   ဇွန်   ၂

၂၀၁၀ ခုနှစ် ဇွန် ၂ ရက်တွင်ကျရောက်သော အီတလီသမ္မတနိုင်ငံ တည်ထောင်သည့် နှစ်ပတ်လည်နေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံမှ အီတလီသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဆီလ်ဗီယို ဘာလူစကိုနီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီအဖွဲ့ဝင်၊ ဦးဆောင်ပါတီဝင်များအဖွဲ့ အတွင်းရေးမှူး တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်၏ ကိုယ်ရေးမှတ်တမ်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်သည် ဟန်လူမျိုးဖြစ်ပြီး ၁၉၄၂ ခုနှစ် စက်တင်ဘာလတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တီရန်ကျန်းမြို့၌ မွေးဖွားခဲ့သည်။ ၁၉၆၅ ခုနှစ် ဧပြီလတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီသို့ စတင်ဝင်ရောက်ခဲ့ပြီး ဘူမိဗေဒဖွဲ့စည်းပုံ အဓိကဘာသာရပ်ဖြင့် ပေကျင်းမြို့ ဘူမိဗေဒတက္ကသိုလ်မှ ဘွဲ့ရရှိခဲ့ကာ အင်ဂျင်နီယာ ဘွဲ့လွန်ပညာသင်ယူလျက် ၁၉၆၇ ခုနှစ် စက်တင်ဘာလတွင် လုပ်ငန်းခွင်သို့ ဝင်ရောက်ခဲ့ပါသည်။

၁၉၆၀ ခုနှစ်မှ ၁၉၆၈ ခုနှစ်အထိ ပေကျင်း ဘူမိဗေဒတက္ကသိုလ် အမှတ်(၁) ဘူမိဗေဒနှင့် သတ္တုဌာန ဘူမိဗေဒတိုင်းတာရေးနှင့်တူးဖော်ရေး အဓိကကျောင်းသားအဖြစ် တက်ရောက်ခဲ့ပြီးနောက် ဘူမိဗေဒဖွဲ့စည်းပုံ အဓိကဖြင့် ဘွဲ့လွန်ပညာကို သင်ကြားခဲ့သည်။

တာဝန်ထမ်းဆောင်ခဲ့

၁၉၆၈ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ ကန်းစုပြည်နယ် ဘူမိဗေဒဗျူရို ဘူမိစက်မှုပညာအသင်းတွင် နည်းပညာကျွမ်းကျင်သူနှင့် နိုင်ငံရေးရာဘာသာရပ် သင်တန်းဆရာ၊ နိုင်ငံရေးဌာနအကြီးအကဲတို့အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၇၈ ခုနှစ်မှ ၁၉၇၉ ခုနှစ်အထိ တရုတ်ကွန်မြူနစ်ပါတီ အမြဲတမ်းကော်မတီ ကန်းစုပြည်နယ် ဘူမိဗေဒဗျူရို ဘူမိဗေဒစက်မှုပညာအသင်း၏ အဖွဲ့ဝင်နှင့် ဒုတိယအကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၇၉ ခုနှစ်မှ ၁၉၈၂ ခုနှစ်အထိ ကန်းစုပြည်နယ်ဆိုင်ရာ ဘူမိဗေဒဗျူရို၏ အင်ဂျင်နီယာ၊ ဒုတိယဌာနအကြီးအကဲနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၈၂ ခုနှစ်မှ ၁၉၈၃ ခုနှစ်အထိ ဘူမိဗေဒနှင့် ဓာတ်သတ္တုအရင်းအမြစ်များ ဝန်ကြီးဌာန၊ မူဝါဒနှင့် ဥပဒေရေးရာသုတေသနရုံး၏ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ပါတီဝင်များအဖွဲ့၏ အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၈၃ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ ဘူမိဗေဒနှင့် ဓာတ်သတ္တုအရင်းအမြစ်များ ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် ဦးဆောင်ပါတီဝင်များအဖွဲ့၏ အဖွဲ့ဝင်၊ ဒုတိယအတွင်းရေးမှူးနှင့် နိုင်ငံရေးရာဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၈၅ ခုနှစ်မှ ၁၉၈၇ ခုနှစ်အထိ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေရုံး၏ ဒုတိယညွှန်ကြားရေးမှူးနှင့် ညွှန်ကြားရေးမှူးတို့အဖြစ် ဆောင်ရွက်ခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❁

နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော်   ဇွန်   ၁

နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုပြီးဖြစ်သော ပါတီများအနက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ကို ၂၀၁၀ ခုနှစ် ဇွန် ၁ ရက်တွင် လာရောက်လျှောက်ထားခဲ့သည်။

ယင်းသို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့် လျှောက်ထားသည့်ပါတီ (၃၂)ပါတီအနက် အောက်ဖော်ပြပါ ပါတီများသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၁၀ ခုနှစ် ဇွန် ၁ ရက်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုလိုက်သည်-

(၁) မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ
(၂) ချင်းတိုးတက်ရေးပါတီ (Chin Progressive Party)
(၃) အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ
(၄) ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ (Rakhine Nationalities Development Party)

ယနေ့အထိ နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် ဆက်လက်တည်ထောင်ခွင့် လျှောက်ထားသည့် ပါတီ(၄၂)ပါတီရှိပြီး နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်လျှောက်ထားသည့် ပါတီ (၃၂)ပါတီအနက် ပါတီ (၂၈) ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့် ပါတီများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြေးမုံ The Mirror
၂-၆-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

ဆေးလိပ်နှင့်ဆေးရွက်ကြီးအန္တရာယ် သိမြင်ရှောင်ကြဉ်

ကမ္ဘာပေါ်တွင် ဆေးလိပ်သောက်သုံးသူဦးရေ သန်းတစ်ထောင်ကျော် ခန့်ရှိသည်။ ယင်းတို့အနက် အများစုမှာ အာရှတိုက်မှဖြစ်သည်။ ဆေးလိပ်၊ ဆေးရွက်ကြီးအန္တရာယ်ကို သိမြင်လာကြသည့်အလျောက် ဆေးလိပ်သောက်သုံးမှုနှုန်း ကျဆင်းလာသော်လည်း အချို့သောနိုင်ငံများတွင် ဆေးလိပ်သောက်သူဦးရေ တိုးတက်များပြားနေဆဲဖြစ်သည်။ အထူးသဖြင့် လူငယ်များနှင့် အမျိုးသမီးငယ်များပါဝင်သည်။

ဆေးလိပ်၏အခိုးအငွေ့များတွင် ဓာတ်ပစ္စည်းအမျိုးပေါင်း လေးထောင်ကျော်ပါဝင်သည်။ ၎င်းတို့အထဲတွင် လူများကို အန္တရာယ်ဖြစ်စေနိုင်သော ကတ္တရာ၊ နီကိုတင်း၊ ကာဗွန်မိုနောက်ဆိုဒ်၊ အမိုးနီးယားစသည်တို့ များစွာပါဝင်သည်။ အဓိကပါဝင်သောပစ္စည်းမှာ နီကိုတင်းဖြစ်သည်။ နီကိုတင်း၏ စွဲလမ်းစေသော အာနိသင်ကြောင့် ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ စီးကရက်၊ ဆေးရွက်ကြီးတို့ကို စမ်းသပ်သောက်သုံးကြည့်ရာမှ တဖြည်းဖြည်း ပိုမိုစွဲလမ်းလာကြခြင်းဖြစ်သည်။

ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲသူတို့သည် အဆုတ်ပွခြင်း၊ နာတာရှည်လေပြွန်ရောင်ရမ်းခြင်းစသည့် ရောဂါများ ပိုမိုဖြစ်ပွားစေနိုင်သည်။ အဆုတ်ကင်ဆာ၊ ခံတွင်းကင်ဆာ၊ အသံအိုးကင်ဆာတို့အပြင် အစာမျိုပြွန်၊ ဆီးအိမ်၊ ကျောက်ကပ်၊ အသည်း၊ အစာအိမ်၊ အူမကြီးကင်ဆာများလည်း ဖြစ်စေနိုင်သည်။ ထို့အပြင် ဆေးလိပ်သောက်သုံးသူနှင့် ၎င်း၏ပတ်ဝန်းကျင်ရှိ ဆေးလိပ်ငွေ့ကိုရှူရှိုက်နေရသူ လသားကလေးငယ်များ ရုတ်တရက် သေဆုံးခြင်း၊ အဆုတ်ရောဂါဖြစ်ခြင်း၊ ကလေးများတွင် ရင်ကျပ်ပန်းနာဖြစ်ခြင်း၊ အဆုတ်ပြွန်ရောင်ခြင်းတို့လည်း ဖြစ်ပွားစေသည်။

ကိုယ်ဝန်ဆောင်အမျိုးသမီးများ ဆေးလိပ်သောက်ပါက သားအိမ်မှတစ်ဆင့် သန္ဓေသားသို့သွားသည့် သွေးကြောကျဉ်းခြင်း၊ သွေးခဲခြင်းတို့ကြောင့် မိခင်နှင့်ကလေးပါ ထိခိုက်စေနိုင်သည်။ ထို့ပြင် သားပျက်သားလျှောခြင်း၊ လမစေ့ဘဲကလေးမွေးခြင်း၊ ပေါင်ချိန်မပြည့်ဘဲကလေးမွေးခြင်း၊ မွေးရာပါ ကိုယ်အင်္ဂါချို့ယွင်းခြင်းတို့လည်း ဖြစ်စေနိုင်သည်။ ဆေးလိပ်သောက်သုံးသူမိခင်များမှ မွေးဖွားသောကလေးများ၏ ဦးနှောက်နှင့် ကိုယ်အင်္ဂါဖွံ့ဖြိုးမှုသည် နှေးကွေးကြံလှီခြင်းတို့ဖြစ်တတ်သည်။

မြန်မာနိုင်ငံတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေး ဥပဒေကို ပြဋ္ဌာန်းထားသည်။ အဆိုပါ ဥပဒေအရ ဆေးလိပ်ကြော်ငြာများကို ခွင့်မပြုပေ။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် စီးကရက်၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ ဆေးတံ၊ ပြောင်းဖူးဖက်လိပ်၊ ကွမ်းဖက်လိပ်စသည်တို့နှင့် ဆေးပါသောကွမ်းစားခြင်း၊ ဆေးရွက်ကြီးငုံခြင်းစသည့် ဆေးရွက်ကြီးထွက် ပစ္စည်းအမျိုးမျိုးသောက်သုံးခြင်းသည် အန္တရာယ်ဖြစ်စေနိုင်ကြောင်း ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးလျက်ရှိသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ခန့်မှန်းချက်အရ နှစ်စဉ်လူဦးရေ ငါးသန်းကျော်သည် ဆေးလိပ်နှင့် ဆေးရွက်ကြီး သုံးစွဲမှုကြောင့် ရောဂါဖြစ်ပွားသေဆုံးလျက်ရှိသည်။ ကျန်းမာရေးဝန်ကြီးဌာနနှင့် နှီးနွယ်ဌာနများ၊ အဖွဲ့အစည်းများ ပူးပေါင်း၍ မိသားစုအတွင်း၊ ကျေးရွာ၊ ရပ်ကွက်အတွင်း၊ ကျောင်းအတွင်းတို့မှသည် တစ်နိုင်ငံလုံးတွင် ကျားမ မရွေး ဆေးလိပ်အန္တရာယ် ကင်းဝေးစေရေးအတွက် ဆေးလိပ်၊ ဆေးရွက်ကြီး သောက်သုံးမှုအန္တရာယ်ကို သိမြင်ရှောင်ကြဉ်နိုင်ရေး အသိပညာပေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တရားသူကြီးချုပ် ဦးအောင်တိုး တရားရုံးချုပ်(မန္တလေး)နှင့် မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းအတွင်းရှိ တရားသူကြီးများ၊ တရားရေးအရာရှိများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တရားသူကြီးချုပ် ဦးအောင်တိုး တရားရုံးချုပ် (မန္တလေး)နှင့် မန္တလေး၊ စစ်ကိုင်းတိုင်းအတွင်းရှိ တရားသူကြီးများ၊ တရားရေးအရာရှိများနှင့် တွေ့ဆုံ

နေပြည်တော် ဇွန် ၁

တရားသူကြီးချုပ် ဦးအောင်တိုးသည် တရားရုံးချုပ် (မန္တလေး)မှ တရားရုံးချုပ် တရားသူကြီးများ၊ တရားရေးအရာရှိများ၊ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းအတွင်းရှိ တရားရုံးတို့မှ တိုင်းတရားသူကြီးများ၊ တွဲဖက်တိုင်းတရားသူကြီးများ၊ ခရိုင်နှင့်မြို့နယ်တရားရုံးများမှ တရားသူကြီးများ၊ တရားရေးအရာရှိများနှင့် တရားစီရင်ရေးဆိုင်ရာ တွေ့ဆုံပွဲအခမ်းအနားကို မေ ၃၀ ရက် နံနက် ၁၁ နာရီတွင် တရားရုံးချုပ် (မန္တလေး) ရုံးခန်းအမှတ် (၁)၌ ကျင်းပသည်။

အခမ်းအနားသို့ တရားရုံးချုပ် (မန္တလေး)မှ ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ တရားရုံးချုပ် တရားသူကြီးများ၊ ညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ တွဲဖက်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိများ၊ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းတရားရုံးတို့မှ တိုင်းတရားသူကြီးများ၊ တွဲဖက်တိုင်းတရားသူကြီးများ၊ မန္တလေးခရိုင်၊ ပြင်ဦးလွင်ခရိုင်၊ ကျောက်ဆည်ခရိုင်နှင့် စစ်ကိုင်းခရိုင် တရားရုံးများမှ ခရိုင်တရားသူကြီးများ၊ ဒုတိယခရိုင် တရားသူကြီးများ၊ အဆိုပါခရိုင်များအတွင်းရှိ မြို့နယ်တရားရုံးများမှ မြို့နယ်တရားသူကြီးများ၊ တွဲဖက်မြို့နယ် တရားသူကြီးများ၊ ဒုတိယမြို့နယ် တရားသူကြီးများနှင့် တရားရေးအရာရှိများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲ၌ တရားသူကြီးချုပ် ဦးအောင်တိုးက အမှာစကားပြောကြားရာတွင် ပြည်သူများ ယုံကြည်လေးစားသည့် တရားစီရင်ရေး လုပ်ငန်းဖြစ်မြောက်ရေးအတွက် အလေးအနက်ထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အဂတိလိုက်စားမှု ရှောင်ကြဉ်ရေး၊ ကျင့်ဝတ်သိက္ခာကို လေးစားလိုက်နာရေးတို့သည် ထိရောက်ကောင်းမွန်သည့် အဖွဲ့အစည်း ဖြစ်မြောက်လာရေးအတွက် အရေးပါသော အချက်များဖြစ်ကြောင်း၊ တရားရေးဝန်ထမ်းများသည် နိုင်ငံတော်နှင့် တရားရုံးအဆင့်ဆင့်အပေါ် သစ္စာရှိရှိ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အမှုများကို စစ်ဆေးစီရင်ရာတွင် ဥပဒေနှင့်အညီ ဆောင်ရွက်ရမည့်အပြင် ပြီးပြတ်သင့်သည့် အချိန်အတွင်း ပြီးပြတ်စေရမည် ဖြစ်ကြောင်း၊ တရားရုံး၏ အမိန့်များ ဆောင်ရွက်ချက်များကို ဥပဒေနှင့် အညီ ဆောင်ရွက်ခြင်းဖြစ်ကြောင်းကိုလည်း ပြည်သူလူထု သိရှိနားလည်အောင် ကြိုးစားဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ အမှုသည်များ၊ ပြည်သူများအပေါ် နားလည်မှုရှိရန်၊ လေးစားမှုရှိရန် လိုအပ်ကြောင်း စသည်ဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အိန္ဒိယနိုင်ငံ တေးဂီတယဉ်ကျေးမှု အနုပညာအဖွဲ့ မန္တလေးမြို့၌ ဖျော်ဖြေတင်ဆက်

နေပြည်တော် ဇွန် ၁

မြန်မာ-အိန္ဒိယ နှစ်နိုင်ငံယဉ်ကျေးမှု ပူးပေါင်းဖလှယ်ရေး အစီအစဉ်အရ အိန္ဒိယသမ္မတနိုင်ငံ အရှေ့မြောက်ဒေသမှ Abiogenesis တေးဂီတယဉ်ကျေးမှု အနုပညာအဖွဲ့သည် မေ ၃၀ရက် ည ၇ နာရီတွင် မန္တလေးမြို့ နန်းမြို့ ကျုံးအရှေ့ဘက် ၆၆ လမ်းရှိ အမျိုးသားဇာတ်ရုံ၌ သီဆို ဖျော်ဖြေ တင်ဆက်ကြသည်။

ဖျော်ဖြေပွဲသို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံး (မန္တလေး) ကောင်စစ်ဝန်ချုပ် မစ္စတာဝိုင်ပီဆင်းဂ်နှင့် တာဝန်ရှိသူများ၊ ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်(မန္တလေး) စီမံ/ဘဏ္ဍာဌာနမှူး ဦးတင်ကြိုင်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ဖျော်ဖြေပွဲတွင် ကောင်စစ်ဝန်ချုပ် မစ္စတာဝိုင်ပီဆင်းဂ်နှင့် စီမံ/ဘဏ္ဍာဌာနမှူး ဦးတင်ကြိုင်တို့က ဆီမီးထွန်းညှိကာ တေးဂီတဖျော်ဖြေပွဲကို ဖွင့်လှစ်ပေးကြပြီး တေးဂီတဖျော်ဖြေပွဲကို စတင်ကျင်းပသည်။

ဖျော်ဖြေပွဲအပြီးတွင် တေးဂီတအဖွဲ့အား တာဝန်ရှိသူတို့က ဂုဏ်ပြုပန်းခြင်း ပေးအပ်ကြပြီး စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်မြင်တိုင်မြို့နယ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးအခမ်းအနား ကျင်းပ

ရန်ကုန် ဇွန် ၁

မေ ၃၀ ရက် နံနက်က ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာန(ရန်ကုန်)၏ မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေး အခမ်းအနားကို ကြည့်မြင်တိုင်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မြဝတ်ရည်ခန်းမ၌ ကျင်းပရာ မြို့နယ်အတွင်းရှိ ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဦးနှင့် အဖွဲ့ဝင်များ၊ အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး (သင်ကြား) ဦးကျော်ဝင်းမြင့်၊ အထက(၁) ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်ခင်ဆင့်နှင့် မြို့နယ်အတွင်းမှ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းနေမည့် မူလတန်းအရွယ်ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။ ရှေးဦးစွာ မြို့နယ်ပညာရေးမှူး ဦးအောင်မြင့်က ကျောင်းနေအရွယ်ကလေးများ ကျောင်းနေနိုင်ရေး လုပ်ငန်းစဉ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဥက္ကဋ္ဌ ဦးမျိုးဦးက အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးဦး၊ ဒုတိယညွှန်ကြားရေးမှူး(သင်ကြား) ဦးကျော်ဝင်းမြင့်နှင့် တာဝန်ရှိသူများက မြို့နယ်အတွင်း ၂၂ ရပ်ကွက်ရှိ မူလတန်းအရွယ် ဆင်းရဲနွမ်းပါးသော ကျောင်းသား၊ ကျောင်းသူလေးများအား တန်ဖိုးငွေကျပ် ၁၂၉၇၅၀၀ တန်ဖိုးရှိ ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာ၊ လွယ်အိတ်နှင့် ကျောင်းဝတ်စုံများ ပေးအပ်ကြောင်း သိရှိရသည်။

(၅၄၆)

ကြည့်မြင်တိုင်မြို့နယ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေး အခမ်းအနားတွင် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဦး မူလတန်းအရွယ်ကလေးများအား ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာအုပ်များ ပေးအပ်စဉ်။ (၅၄၆)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂-၆-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၃၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄း၄၀ ၄။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၄း၅၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅း၀၅ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
- ၅း၁၅ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅း၂၅ ၉။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၅း၃၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၅၀ ၁၁။ မျှော်လင့်စောင့်စား ကမ္ဘာ့ဖလား (Germany-Algerial)
- ၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆း၃၅ ၁၅။ **Mail Box**
- ၆း၄၅ ၁၆။ ကာတွန်းအစီအစဉ် - စွန့်စားသူတို့ပျော်စံရာ (အပိုင်း -၁၇)
- ၇း၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရင်နှစ်သည်းချာ (အပိုင်း-၃၃)**
- ၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ နိုင်ငံတကာသတင်း
- ၂၀။ မိုးလေဝသသတင်း
- ၂၁။ အမျိုးသားရေးတေးကဗျာ
- ၂၂။ ရယ်ရွှင်စရာဟာသပဒေသာ **-ပေါက်တယ်နော် ပေါက်ပါတယ် (ဇာတ်သိမ်းပိုင်း) (မိုးခန့်၊ အရိုင်း၊ ကျော်ထူး၊ ကင်းကောင်၊ ရေချမ်း၊ မိုးပွင့်၊ ဆုပန်ထွာ၊ ရီရီပွင့်ဖြူ၊ နှင်းယုဉ်မြင့်မို) [ဒါရိုက်တာ-မောင်ပြည့်ဝ (ပန်းဝေသီ)]**
- ၂၃။ အိုင်စီတီသုတ
- ၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - လရောင်ဆန်းတဲ့ဒဏ္ဍာရီ (အပိုင်း-၁၂)**
- ၂၆။ သင့်အတွက်မနက်ဖြန်
- ၂၇။ အပိတ်နှုတ်ဆက်စကား
- ၂၈။ ပြီးပါပြီ။

(2-6)02.pmd 1 6/2/2010, 7:00 AM

❀ **ရှေ့ဖုံးမှ**

၁၉၈၇ ခုနှစ်မှ ၁၉၉၂ ခုနှစ်အထိ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ အလှည့်ကျ အတွင်းရေးမှူးရုံး အဖွဲ့ဝင်နှင့် အထွေထွေရုံး၏ ညွှန်ကြားရေးမှူးအဖြစ် တစ်ပြိုင်တည်း တာဝန်ထမ်းဆောင်ခဲ့ပြီး ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအောက်ရှိ လုပ်ငန်းကော်မတီ၏ အတွင်းရေးမှူးအဖြစ်လည်း ဆောင်ရွက်ခဲ့သည်။

၁၉၉၂ ခုနှစ်မှ ၁၉၉၃ ခုနှစ်အထိ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ နိုင်ငံရေးဗျူရို အလှည့်ကျအဖွဲ့ဝင်၊ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အတွင်းရေးမှူးချုပ်ရုံးအဖွဲ့ဝင်၊ အထွေထွေရုံး၏ ညွှန်ကြားရေးမှူး၊ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအောက်ရှိ လုပ်ငန်းဌာနများကော်မတီ၏ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၉၃ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ နိုင်ငံရေးဗျူရို အလှည့်ကျအဖွဲ့ဝင်၊ အဖွဲ့ဝင်နှင့် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အတွင်းရေးမှူးချုပ်ရုံး အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၉၈ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်၊ အတွင်းရေးမှူးချုပ်ရုံးအဖွဲ့ဝင်၊ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ်၊ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ဘဏ္ဍာရေးလုပ်ငန်း ကော်မတီ အတွင်းရေးမှူးနှင့် ဦးဆောင်ပါတီဝင်များအဖွဲ့ အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၂၀၀၂ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးဗျူရိုအမြဲတမ်းကော်မတီဝင်၊ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ်၊ ကွန်မြူနစ်ပါတီဗဟိုကော်မတီ ဘဏ္ဍာရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူးနှင့် ဦးဆောင်ပါတီဝင်များအဖွဲ့ အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၂၀၀၃ ခုနှစ်တွင် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် ဦးဆောင်ပါတီဝင်များအဖွဲ့ အတွင်းရေးမှူးတို့အဖြစ် ဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ (၁၃)ကြိမ်မှ (၁၇)ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ အဖွဲ့ဝင်နှင့် ဦးဆောင်ပါတီဝင်များအဖွဲ့ အတွင်းရေးမှူး (၁၃)ကြိမ်မြောက် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အတွင်းရေးမှူးချုပ်ရုံး အလှည့်ကျအဖွဲ့ဝင်၊ (၁၄)ကြိမ်မြောက် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို၏ အလှည့်ကျအဖွဲ့ဝင်နှင့် (၁၄)ကြိမ်မြောက် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ (၁၅)ကြိမ်မြောက် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် အတွင်းရေးမှူးချုပ်ရုံး အဖွဲ့ဝင်အဖြစ် လည်းကောင်း၊ (၁၆)ကြိမ်နှင့် (၁၇)ကြိမ်မြောက် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်း ကော်မတီဝင်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးအား ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးအား နော်ဝေးနိုင်ငံ ပတ်ဝန်းကျင်နှင့် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီး H.E. Mr. Erik Solheim နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နော်ဝေးနိုင်ငံ သံအမတ်ကြီး H.E. Mrs. Merete Fjeld Brattested တို့သည် ယနေ့ မွန်းလွဲ ၂နာရီတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နာဂစ်မုန်တိုင်းသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ရာသီဥတုပြောင်းလဲခြင်းနှင့် ဒေသတွင်း အကျိုးသက်ရောက်မှုများ၊ သဘာဝဘေးအန္တရာယ် လျော့ချရေးကိစ္စရပ်များ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေအား နော်ဝေးနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီး H.E. Mr. Erik Solheim ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဦးမောင်မောင်ဆွေအား နော်ဝေးနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဝန်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေအား နော်ဝေးနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီး H.E. Mr. Erik Solheim ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နော်ဝေးနိုင်ငံသံအမတ်ကြီး H.E. Mrs. Merete Fjeld Brattested လိုက်ပါလျက် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ နာဂစ်ဒေသ ပြန်လည်ထူထောင်ရေးနှင့် အခြား သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေး လုပ်ငန်းများနှင့် စပ်လျဉ်းသည်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပုသိမ်မြို့ လမ်းလယ်ကျွန်းများ၌ ၁၂ လရာသီပတ်လုံး ပန်းများဖူးပွင့်လှပနေစေရေးအတွက် ရာသီအလိုက် ပန်းများ လဲလှယ်စိုက်ပျိုးခြင်းကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများဖြင့် ဆောင်ရွက်ရာ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးအောင်မင်းနိုင် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။

(သတင်းစဉ်)

ဒို့ကျေးရွာဂျာနယ် အတွဲ (၇)၊ အမှတ် (၁၁) ထွက်ပြီ

ရန်ကုန် ဇွန် ၁

မေထုန်ရာသီ နယုန်လ၏ သင်းပျံ့သော စံပယ်ပန်းရနံ့များနှင့်အတူ ကျေးလက်နေ ပြည်သူတို့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် ဗဟုသုတအဖြာဖြာတို့ကို စုံလင်စွာ ဖော်ပြပေးနေသော ဒို့ကျေးရွာဂျာနယ် အတွဲ(၇)၊ အမှတ်(၁၁)အား ယနေ့ ထုတ်ဝေလိုက်ပြီဖြစ်သည်။

ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် ဝန်းရံခ၏ ပွဲဦးထွက်အောင်ပွဲ၊ မျှော်မှန်းသည့် ပန်းတိုင် စပါးအထွက် ကောက်ကွက်မှန်သည့်သော့ချက်၊ တောင်သူဦးကြီးများအတွက် သဘာဝရွက်ဖျန်း ဘိုင်အိုအော်ဂဲနစ် မြေဆီအားတိုးဆေး၊ ဝင်ငွေတိုးဖို့ ပဲစင်းငုံနှင့် နှမ်းလျင်ကို သီးညှပ်စိုက်ပျိုးစို့၊ မင်းကွတ်ပင်အကြောင်း တစေ့တစောင်း စသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ ရေချိုပုစွန်တုပ်ကြီးများ အစာနှင့် အစာကျွေးခြင်းဆိုင်ရာ ဆောင်ရွက်ချက်များ၊ တန်ဖိုးကြီးမား ကျေးလက်ရေထွက်ကုန်ပစ္စည်းများ၊ ဝက် စောစောသားခွဲခြင်း အကျိုး၊ သိုးများတွင် ဖြစ်ပွားတတ်သောရောဂါများ ကာကွယ်ခြင်းနှင့် ကုသခြင်း စသည့် မွေးမြူရေးဆောင်းပါးများ၊ သွေးလွန်တုပ်ကွေးကာကွယ်ပေး၊ မိုးဦးလေဦး ရာသီကူး အထူးသတိပြု၊ မျှမျှတတ အာဟာရ၊ လူငယ်များအလေးထားရမည့် မျိုးဆက်ပွားကျန်းမာရေး၊ သတိထားရမည့် အိမ်သုတ်ဆေးသုံးစွဲမှုများ စသည့် ကျန်းမာရေး ဆောင်းပါးများ၊ ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာတော့မည်၊ အမွန်မြတ်ဆုံး ပညာဒါနအလှူ စသည့် အသိပညာပေး သုတ၊ ရသ ဆောင်းပါးများ၊ လက်ဘနွန်နိုင်ငံအကြောင်း သိကောင်းစရာ၊ ဗဟိုအာရှတွင် ချုလက်နက်ကင်းမဲ့ရေးဇုန် ထူထောင်မည်၊ ကမ္ဘာ့ကုန်သွယ်ရေး အခြေအနေကောင်းများ ၂၀၁၀ ခုနှစ်တွင် ပိုမိုတိုးတက်လာမည် စသည့် နိုင်ငံတကာ သတင်းဆောင်းပါးများ၊ အားကစားသတင်းများ၊ အနုအလှတေးသံများနှင့် ပီပြင်သော သရုပ်ဆောင်မှုများဖြင့် ပရိသတ်၏နှလုံးသားကို ရယူနိုင်ခဲ့သည့် အဆိုတော် သရုပ်ဆောင် အကယ်ဒမီချိုပြုံးနှင့် တွေ့ဆုံခြင်း စသည့် အနုပညာသတင်းများ၊ မြွေဖမ်းလို့ပေးခဲ့ပါ့မယ် ဝတ္ထုတိုတို့အပြင် ကဗျာ၊ ဟာသ၊ ကာတွန်း၊ ဗေဒင်၊ မြန်မာဗီဒီယိုဇာတ်လမ်းများနှင့် သတင်းအတိုအထွာများကို စုံလင်စွာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်စောင်လျှင် ကျပ် ၂၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့်ကြော်ငြာများကို အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆၊ ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်သည်။

(သတင်းစဉ်)

ရေထွက်ပစ္စည်း ရောင်းဝယ်စုဆောင်းခွင့် လိုင်စင်လျှောက်ထားရန် ရှင်းလင်းပွဲ ကျင်းပ

ဖျာပုံ ဇွန် ၁

ငါးသယံဇာတထွက်ကုန် ကုန်ချိန်စာရင်း ဇယားများ မှန်ကန်စေရေးအတွက် ရေထွက်ပစ္စည်းရောင်းဝယ်စုဆောင်းခွင့် လိုင်စင်များ လျှောက်ထားနိုင်ရေး ရှင်းလင်းပွဲကို မေ ၂၃ ရက် နံနက်ပိုင်းက ဖျာပုံခရိုင် ငါးလုပ်ငန်းဦးစီး ဌာနရုံးခန်းမ၌ ကျင်းပရာ ဖျာပုံမြို့ပေါ်ရှိ ငါး/ ပုစွန်၊ ငါးရှဉ့်၊ ကဏန်း၊ စီပေါင်း ဝယ်ယူစုဆောင်း ရောင်းဝယ်သူများ တက်ရောက်ကြသည်။

ရှင်းလင်းပွဲတွင် ဖျာပုံခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအေးလွင်က ၂၀၁၀-၂၀၁၁ ခုနှစ် လုပ်ငန်းရာသီအတွက် ရေထွက်ပစ္စည်း ရောင်းဝယ်စုဆောင်းခြင်းလုပ်ငန်း လုပ်ကိုင်ကြသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကုမ္ပဏီများ၊ အအေးခန်းစက်ရုံများ အနေဖြင့် ရောင်းဝယ်စုဆောင်းခွင့် လိုင်စင်များ ရယူပြီးမှသာ ရေထွက်ပစ္စည်းများ ဝယ်ယူစုဆောင်းကြရမည်ဖြစ်ပြီး ရေထွက်ပစ္စည်းများ တင်ပို့ရာတွင် ရောင်းဝယ်စုဆောင်းခွင့်လိုင်စင်အပေါ် စိစစ်၍ မျှောစာရယူပြီးမှသာ တင်ပို့ရမည်ဖြစ်ကာ ရေထွက်ပစ္စည်းများ ရောင်းဝယ်စုဆောင်းခွင့်လိုင်စင်များကို မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာနမှူးက စိစစ်ပြီး ခရိုင်ငါးလုပ်ငန်း ဦးစီးဌာနမှူး၏ ထောက်ခံချက်ဖြင့် ဧရာဝတီတိုင်း ငါးလုပ်ငန်းဦးစီးဌာနသို့ လျှောက်ထားကြရမည်ဟု ရှင်းလင်းပြောကြားကြောင်း သိရသည်။ (ကြေးမုံ)

အင်တာနက် အာကာသနည်းပညာသတင်း — ဘာသာပြန်-စံစံ

အောက်ဆီဂျင်ဓာတ်အသုံးပြုသည့် အင်ဂျင်စက် အိန္ဒိယအာကာသအေဂျင်စီ စမ်းသပ်ရန် ပြင်ဆင်

ချန်နိုင်း ဇွန် ၁

ကမ္ဘာ့လေထုလွှာအတွင်းရှိ အောက်ဆီဂျင်ဓာတ်ကို လောင်စာအဖြစ် အသုံးပြုမည့် အင်ဂျင်စက်တစ်မျိုးကို အိန္ဒိယ အာကာသအေဂျင်စီက ယခုနှစ်မကုန်မီ စမ်းသပ်ရန် စီစဉ်ထားကြောင်း အဆိုပါ အေဂျင်စီ တာဝန်ရှိသူတစ်ဦးက ယနေ့ ပြောကြားသည်။

သုတေသနပြု

အိန္ဒိယအာကာသအေဂျင်စီမှ နည်းပညာရှင်များသည် စွမ်းပကားမြင့်မားသော ဒုံးပျံအမျိုးအစားသစ်များကို တီထွင်ထုတ်လုပ်နိုင်ရန် သုတေသနပြုလျက်ရှိကြသည်။

ကမ္ဘာ့လေထုလွှာအတွင်းရှိ အောက်ဆီဂျင်ကို ဒုံးပျံယာဉ်ပေါ်ရှိ သိုလှောင်ထားသော လောင်စာနှင့်အတူ လောင်ကျွမ်းစေခြင်းဖြင့် အာကာသဒုံးပျံယာဉ်၏ အရှိန်အဟုန်ကို ဖြစ်ပေါ်စေရန် အိန္ဒိယနည်းပညာရှင်များ လေ့လာလျက်ရှိကြသည်။

သယ်ဆောင်ယူ

သမားရိုးကျ အာကာသဒုံးပျံယာဉ်များသည် ယာဉ်ပေါ်တွင် အောက်ဆီဂျင်လောင်စာကိုရော ဓာတုဗေဒလောင်စာကိုပါ သယ်ဆောင်ယူသွားလေ့ရှိသည်။

ဒုံးပျံယာဉ် ပျံသန်းနေချိန်မှာပင် လေထုလွှာအတွင်းရှိ အောက်ဆီဂျင်ဓာတ်ကို စုပ်ယူကာ လောင်စာအဖြစ် လောင်ကျွမ်းစေမည့် အင်ဂျင်စက်သစ်အတွက် မကြာမီတွင် စမ်းသပ်မှုအမျိုးမျိုး ပြုလုပ်သွားမည်ဖြစ်ကြောင်း အိန္ဒိယ အာကာသအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ပြည်နယ် ပင်လယ်ကမ်းရိုးတန်းတွင် ဆရီဟာရီကိုတာကျွန်းရှိ ဒုံးပျံယာဉ်လွှတ်တင်ရေးစခန်းကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ပြောကြား

အောက်ဆီဂျင်ကို လောင်စာအဖြစ် အသုံးပြုသော အင်ဂျင်တပ်ဆင်မည့် ATVDO2 ဒုံးပျံယာဉ်ကို အိန္ဒိယနိုင်ငံ တောင်ပိုင်း အင်ဒရာပရာဒေ့ရှ်ပြည်နယ် ပင်လယ်ကမ်းရိုးတန်းကမ်းလွန် ဆရီဟာရီကိုတာကျွန်းရှိ ဒုံးပျံယာဉ်လွှတ်တင်ရေးစခန်းမှ လွှတ်တင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ပိုမိုကြီးမား

အောက်ဆီဂျင်ဓာတ်ကို စုပ်ယူကာ လောင်စာအဖြစ် အသုံးပြုသည့် အင်ဂျင်စက်များ ပေါ်ထွန်းလာခြင်းဖြင့် အနာဂတ်ကာလ အိန္ဒိယဒုံးပျံယာဉ်များသည် အလေးချိန်အရ ပိုမိုပေါ့ပါးလာကာ အလေးချိန်အရ ပိုမိုကြီးမားလာသော ဂြိုဟ်တုများကို လွှတ်တင်လာနိုင်မည်ဖြစ်သည်။

မျှော်မှန်း

အိန္ဒိယနိုင်ငံသည် ကမ္ဘာ့ဂြိုဟ်တု လွှတ်တင်ရေးဈေးကွက်၌ ဦးဆောင်နိုင်ငံအဖြစ် ရပ်တည်လာနိုင်ရန် မျှော်မှန်းသည်။

အင်တာနက်။

ဂါဇာထောက်ပံ့ရေး သင်္ဘောအုပ်စုပြဿနာ တူရကီပြင်းထန်စွာဝေဖန်

အစ္စရေးနိုင်ငံဆိုင်ရာ တူရကီသံအမတ်ကို ပြန်လည်ခေါ်ယူ

အင်ကာရာ ဇွန် ၁

ဂါဇာကမ်းမြောင်ဒေသကူညီရေးသင်္ဘောအုပ်စုနှင့် အစ္စရေးတပ်ဖွဲ့ဝင်များ ပဋိပက္ခဖြစ်ပွားပြီးနောက် အစ္စရေးနိုင်ငံဆိုင်ရာ တူရကီသံအမတ်ကြီးကို ပြန်လည်ခေါ်ယူလိုက်ပြီဖြစ်ကြောင်း တူရကီ ဒုတိယဝန်ကြီးချုပ်က တနင်္လာနေ့တွင် ပြောကြားသည်။

ယင်းအပြင် တူရကီနိုင်ငံသည် အစ္စရေးနှင့် ပူးတွဲပြုလုပ်မည့် စစ်ရေးလေ့ကျင့်မှု အစီအစဉ်သုံးခုကို ဖျက်သိမ်းခဲ့ပြီး အစ္စရေးနိုင်ငံ၏လုပ်ရပ်နှင့် ပတ်သက်၍ အရေးပေါ် အစည်းအဝေးတစ်ရပ် ပြုလုပ်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီကို တောင်းဆိုခဲ့သည်။

တနင်္လာနေ့က ဖြစ်ပွားခဲ့သော ဂါဇာကမ်းမြောင်ဒေသ ထောက်ပံ့ရေး သင်္ဘောအုပ်စုနှင့် အစ္စရေးတပ်ဖွဲ့ဝင်များ၏ ပဋိပက္ခကြောင့် သင်္ဘောအုပ်စုတွင် လိုက်ပါလာသော ပါလက်စတိုင်းလိုလားသူ ၁၀ ဦးသေဆုံးခဲ့ပြီး အများအပြား ဒဏ်ရာရရှိခဲ့သည်။

အစ္စရေးနိုင်ငံ၏လုပ်ရပ်သည် ပင်လယ်ဓားပြတို့၏ အမူအကျင့်နှင့်တူကြောင်း တူရကီဒုတိယဝန်ကြီးချုပ်က ဝေဖန်ခဲ့ပြီး မြေထဲပင်လယ်တွင် တူရကီစစ်သင်္ဘောများ ဖြန့်ချမည့် အစီအစဉ်ကိုလည်း ရုပ်သိမ်းကြောင်း ပြောကြားသည်။

အင်တာနက်။

ဂွါတီမာလာနိုင်ငံ ဂွါတီမာလာစီးတီးမြို့တွင် အာဂါတာအပူပိုင်းမုန်တိုင်း တိုက်ခတ်စဉ်အတွင်း မြေပြိုမှုကြောင့် ဖြစ်ပေါ်လာသော ဧရာမမြေကျင်းကြီး တစ်ခုကိုတွေ့ရစဉ်။ *(ယင်း မုန်တိုင်းကြောင့် ဗဟိုအမေရိကနိုင်ငံများ၌ သေဆုံးသူ ၁၅၀ထိ ရှိခဲ့ပြီဖြစ်သည်။)* *(ဓာတ်ပုံ-အင်တာနက်)*

တာလီဘန်များ သိမ်းပိုက်ထားသည့် နယ်မြေ နေတိုးတပ်ဖွဲ့ လေကြောင်းထိုးစစ်ဆင်

ကဘူး ဇွန် ၁

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း နူရစ္စတန်ပြည်နယ် ဘာ့ဂ်အီးမာတယ်လ်ခရိုင်ကို သိမ်းပိုက်ထားသည့် တာလီဘန်များအား နေတိုးတပ်ဖွဲ့က တနင်္လာနေ့တွင် လေကြောင်းမှ တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

နေတိုးတိုက်လေယာဉ်များသည် တာလီဘန်တို့လက်မှ ဘာ့ဂ်အီးမာတယ်လ်ခရိုင်ကို ပြန်လည်သိမ်းပိုက်နိုင်ရန် ပဲ့ထိန်းဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း နေတိုးစစ်အုပ်စု၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပါကစ္စတန်တာလီဘန်ခေါင်းဆောင် မော်လာနာဖာ့ဇ်လူလာ ဦးဆောင်သော တာလီဘန်စစ်သွေးကြွ ၃၀၀ခန့်သည် မေ ၂၉ရက်က ဘာ့ဂ်အီးမာတယ်လ် ခရိုင်ရှိ အာဖဂန်ရဲတပ်ဖွဲ့ဝင်များကို တိုက်ခိုက်ကာ ယင်းနယ်မြေကို သိမ်းပိုက်ထားခဲ့သည်။ အဆိုပါ စစ်သွေးကြွအများစုသည် ပါကစ္စတန်နိုင်ငံတွင်းမှ ဝင်ရောက်လာခြင်းဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

နိုင်ငံတကာလုံခြုံရေးအထောက်အကူပြုတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်)သည် ဒေသဆိုင်ရာ တာဝန်ရှိသူများနှင့် အာဖဂန်တပ်မှူးများ၏ တောင်းဆိုမှုအရ လေကြောင်းထိုးစစ်ကို ဆင်နွှဲခဲ့ခြင်းဖြစ်ကြောင်း နေတိုးစစ်အုပ်စု၏ ကြေညာချက်တွင်ဖော်ပြထားသည်။

အင်တာနက်။

လစ်ဗျားလေယာဉ်ပျက်ကျမှု နည်းပညာဆိုင်ရာ ချွတ်ယွင်းချက်ကြောင့်မဟုတ်

ထရီပိုလီ ဇွန် ၁

လစ်ဗျားနိုင်ငံ ထရီပိုလီမြို့တော်အနီး၌ မေလ စောစောပိုင်းက ခရီးသည်တင်လေယာဉ်တစ်စင်း ပျက်ကျမှုကို စုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့ရာ ယင်းလေယာဉ်ပျက်ကျမှုသည် အကြမ်းဖက်တိုက်ခိုက်မှုနှင့် စက်ပိုင်းဆိုင်ရာ ချွတ်ယွင်းချက်များကြောင့် ဖြစ်ပွားခဲ့ခြင်းမဟုတ်ကြောင်း စုံစမ်းစစ်ဆေးရေးကော်မရှင်က မေ ၃၀ ရက်တွင် ပြောကြားသည်။

အာဖရိကီယာလေကြောင်းလိုင်းပိုင် အဲဘတ်စ် အေ ၃၃၀-၂၀၀ဂျက်လေယာဉ်သည် ထရီပိုလီမြို့မှ တစ်မိုင်ခန့်အကွာရှိ သဲကန္တာရထဲသို့ ပျက်ကျခဲ့ရာ ဒတ်ချ်ကလေးငယ်တစ်ဦးမှတစ်ပါး ကျန် ခရီးသည် ၁၀၃ဦးသေဆုံးခဲ့ရသည်။

ကော်မရှင်၏ စုံစမ်းစစ်ဆေးမှုများအရ ထရီပိုလီလေဆိပ်၏ လေကြောင်းလမ်းညွှန်မှုဆိုင်ရာ လုပ်ငန်းစဉ်များသည် ပုံမှန်အတိုင်းလုပ်ဆောင်ခဲ့ပြီး အဆိုပါပျက်ကျခဲ့သော လေယာဉ်မှာလည်း လောင်စာဆီပြတ်လပ်ခဲ့ခြင်းမျိုးမရှိကြောင်းဖော်ပြထားသည်။ လေယာဉ်အမှုထမ်းများသည် နည်းပညာဆိုင်ရာ အကူအညီတောင်းခံမှုမျိုး၊ လေဆိပ်ပြောင်းလဲဆင်းသက်ရန် မေတ္တာရပ်ခံမှုမျိုးတို့ကိုလည်း လုပ်ဆောင်ခဲ့ခြင်းမရှိကြောင်း တွေ့ရှိရသည်။

လုပ်ဆောင်ဆဲ

လေယာဉ်ပျံသန်းမှုဆိုင်ရာ မှတ်တမ်းသေတ္တာနက်များကို ပျက်ကျမှုဖြစ်ပွားရာတွင် ပြန်လည်တွေ့ရှိခဲ့ပြီး ယင်းတို့ကို စစ်ဆေးသုံးသပ်နိုင်ရန် ပါရီမြို့သို့ ပို့ဆောင်ခဲ့သည်။ စုံစမ်းစစ်ဆေးမှုများကိုမူ ဆက်လက်လုပ်ဆောင်နေဆဲ ဖြစ်သည်။

အင်တာနက်။

ဟာရီကိန်းမုန်တိုင်း ရာသီအစ လောင်စာဆီဈေးနှုန်းများ မြင့်တက်

နယူးယောက် ဇွန် ၁

ငါးနှစ်တာကာလအတွင်း အဆိုးရွားဆုံးဟုဆိုနိုင်မည့် ဟာရီကိန်းမုန်တိုင်းရာသီကို ကြုံတွေ့ရဖွယ်ရှိကြောင်း ခန့်မှန်းချက်များ ထွက်ပေါ်လာမှုကြောင့် ကမ္ဘာ့လောင်စာဆီဈေးကွက် လှုပ်လှုပ်ရှားရှားဖြစ်ကာ ရေနံစည်ဈေးနှုန်းသည် တစ်စည်လျှင် ၇၄ ဒေါ်လာအထိ မြင့်တက်လာကြောင်း တနင်္လာနေ့သတင်းများတွင် ဖော်ပြသည်။

အမေရိကန်နှင့် ဗြိတိန်နိုင်ငံများရှိ လောင်စာဆီ ဈေးကွက်များသည် အားလပ်ရက်ကာလများအတွက် ပိတ်ထားသောကြောင့် လက်ရှိကာလတွင် အရောင်းအဝယ် အေးလျက်ရှိကြောင်း သိရသည်။

ဥရောပဈေးကွက်၌ ရေနံဈေးနှုန်းသည် သောကြာနေ့အထိ တစ်စည်လျှင် ၇၃ ဒသမ ၉၇ ဒေါ်လာဖြင့် ရပ်တည်နေခဲ့ပြီး တနင်္လာနေ့ စောစောပိုင်းတွင် တစ်စည်လျှင် ၇၄ ဒသမ ၅၁ ဒေါ်လာအထိ မြင့်တက်ခဲ့သည်ဟု ဆိုသည်။

ဟာရီကိန်း မုန်တိုင်းရာသီသည် အင်္ဂါနေ့တွင် စတင်ဝင်ရောက်ခဲ့ပြီဖြစ်သည်။ ယခုနှစ်အတွင်း ဟာရီကိန်းအပူပိုင်းမုန်တိုင်း ၁၄ လုံးမှ ၂၃ လုံးအထိ တိုက်ခတ်နိုင်ပြီး အင်အားပြင်းထန်သော မုန်တိုင်း ခုနစ်လုံးနှင့်အထက် ကြုံတွေ့ရဖွယ်ရှိကြောင်း အမျိုးသားသမုဒ္ဒရာနှင့် လေထုလွှာစီမံခန့်ခွဲရေးဌာနက ကြိုတင်ခန့်မှန်းချက် ထုတ်ပြန်ခဲ့သည်။

အင်တာနက်။

ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲသို့ လာရောက်ကြည့်ရှုသူ ရှစ်သန်းကျော်ရှိ

ရှန်ဟိုင်း ဇွန် ၁

ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲ စတင်ဖွင့်လှစ်ချိန်မှစ၍ တစ်လတာကာလအတွင်း၌ လာရောက်ကြည့်ရှုသူ ရှစ်သန်းကျော်ရှိကြောင်း ကုန်စည်ပြပွဲ စာရင်းအင်းဌာနမှ တာဝန်ရှိသူက မေ ၃၁ရက်က ပြောကြားခဲ့သည်။

လာရောက်ခဲ့

ကုန်စည်ပြပွဲ စတင်ဖွင့်လှစ်လိုက်သည့်ရက် နံနက်ပိုင်းမှစ၍ ညနေ ၄နာရီအထိ ရောက်ရှိလာသော လာရောက်ကြည့်ရှုသူ ဦးရေမှာ ၁၀၄၈၀၀ရှိပြီး ပထမတစ်လတာအတွင်း၌ စုစုပေါင်း ၈ ဒသမ ၀၂ သန်း လာရောက်ခဲ့သည်။

မေ ၂၉ ရက်တွင် လာရောက်ကြည့်ရှုသူ ဦးရေ အများဆုံးဖြစ်ပြီး ၅၀၃၆၀၀ဖြစ်သည်။

ခြောက်လတာ ကျင်းပမည့် ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲသို့ လာရောက်ကြည့်ရှုသူ သန်း ၇၀ခန့်ရှိမည် သို့မဟုတ် တစ်နေ့လျှင် ၃၈၀၀၀၀ခန့် လာရောက်မည်ဟု ရှန်ဟိုင်း ကမ္ဘာ့ကုန်စည်ပြပွဲ ကျင်းပရေးအဖွဲ့က မျှော်မှန်းထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

လစ်ဗျားနိုင်ငံ ထရီပိုလီမြို့အနီးတွင် မေ ၁၂ရက် က ပျက်ကျခဲ့သော အာဖရိကီယာလေကြောင်းလိုင်းပိုင် ခရီးသည်တင်လေယာဉ်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဘဂ္ဂဒက်၌ ဗုံးသုံးလုံးပေါက်ကွဲ အရပ်သား တစ်ဦးသေ ၁၅ဦးဒဏ်ရာရရှိ

ဘဂ္ဂဒက် ဇွန် ၁

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ မေ ၃၁ရက်က ဗုံးသုံးလုံးပေါက်ကွဲခဲ့ရာ အရပ်သား တစ်ဦးသေဆုံးပြီး ၁၅ဦး ဒဏ်ရာရရှိခဲ့သည်ဟု ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

ဒဏ်ရာရ

ဘဂ္ဂဒက်မြို့ အရှေ့ပိုင်း အယ်လ်ဂါဒိဒေသ၌ ကင်းလှည့်ရဲတပ်ဖွဲ့ကား ဖြတ်သန်းသွားရာနေရာအနီး လမ်းဘေးဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး အရပ်သား တစ်ဦး သေဆုံးကာ ရဲတပ်ဖွဲ့ဝင် ခြောက်ဦးအပါအဝင် ရှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။ အဆိုပါဗုံးပေါက်ကွဲမှုကြောင့် ရဲတပ်ဖွဲ့ မော်တော်ယာဉ်လည်း ပျက်စီးသွားခဲ့သည်ဟု သိရသည်။

ဘဂ္ဂဒက်မြို့ အရှေ့ပိုင်း ဇိုင်ယူနာဒေသ၌လည်း ရဲတပ်ဖွဲ့ ကင်းလှည့် မော်တော်ယာဉ်တစ်စီးကို လမ်းဘေးဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့ရာ ရဲတပ်ဖွဲ့ဝင် သုံးဦးနှင့် အရပ်သားသုံးဦး ဒဏ်ရာရရှိခဲ့သည်ဟု သတင်း၌ ဖော်ပြထားသည်။

အလားတူ ဘဂ္ဂဒက်မြို့ အရှေ့မြောက်ပိုင်း စားသောက်ဆိုင် တစ်ဆိုင်ရှေ့၌ ရပ်ထားသော မော်တော်ယာဉ်တစ်စီးတွင် ထောင်ထားသော ဗုံးပေါက်ကွဲခဲ့ရာ လမ်းသွား လမ်းလာတစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု ၎င်းက ပြောကြားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်၌ အကြမ်းဖက်မှုများ တိုးလာမှု အမေရိကန်တွင် အပြစ်ရှိဟုဆို

ဘဂ္ဂဒက် ဇွန် ၁

အီရတ်နိုင်ငံအတွင်း မကြာသေးမီက ရှီးယိုက်တို့ အသတ်ခံရမှု များပြားလာရခြင်းနှင့် စပ်လျဉ်း၍ သဘောထားစစ်တမ်းကောက်ယူရာတွင် အမေရိကန်တို့က အီရတ်နိုင်ငံ၌ ဆက်လက်တပ်စွဲထားရန် ကြိုးပမ်းမှုကို အရင်းခံ၍ ယင်းဖြစ်ရပ်များ ဖြစ်ပေါ်လာရခြင်းဖြစ်သည်ဟု ဆိုသည်။

အွန်လိုင်းပေါ်မှ တုံ့ပြန်ဖြေကြားသူ ၅၀ ရာခိုင်နှုန်းက မကြာသေးခင်လများအတွင်း၌ ရှီးယိုက် ၃၇၅ဦး သေဆုံးခဲ့ရခြင်းအတွက် အီရတ်နိုင်ငံတွင်းရှိ ဘာ့သ်ပါတီဝင်ဟောင်းများ၊ ဆော်ဒီဆွန်နီအစွန်းရောက်များကို ထောက်ခံသူများနှင့် အမေရိကန်နိုင်ငံတို့တွင် တာဝန်ရှိသည်ဟု ဆိုသည်။

၁၁ ရာခိုင်နှုန်းက ရှီးယိုက်အရပ်သားများ သေဆုံးရသည့်အတွက် အမေရိကန်ဆန့်ကျင်ရေးအကြမ်းဖက်အဖွဲ့အစည်းများတွင် တာဝန်ရှိသည်ဟု ဆိုသည်။ ၃၀ ရာခိုင်နှုန်းကမူ အီရတ်နိုင်ငံအတွင်း ဆက်လက်တပ်စွဲခွင့်ရရေးအတွက် အီရတ်အစိုးရကို ဖိအားပေးရန် နည်းလမ်းရှာနေကြသော အမေရိကန်ကို အပြစ်တင်ခဲ့သည်။

၁၁ ရာခိုင်နှုန်းနီးပါးက အဆိုပါ ရှီးယိုက်များသေဆုံးရခြင်းအတွက် ဆော်ဒီဆွန်နီအစွန်းရောက်များကို ထောက်ခံသူများနှင့် ဘာ့သ်ပါတီဝင်များကို အပြစ်တင်သည်။

အမ်အင်အေ၊ရိုက်တာ။

ရှန်ဟိုင်း ကမ္ဘာ့ကုန်စည်ပြပွဲ ၂၀၁၀သို့ လာရောက်ကြည့်ရှုသူများကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ပါကစ္စတန်၏လေကြောင်းတိုက်ခိုက်မှုကြောင့် စစ်သွေးကြွ ၄၂ ဦး သေဆုံး

ကာလာယာ(ပါကစ္စတန်) ဇွန် ၁

ပါကစ္စတန်နိုင်ငံ အော်ရတ်ဇိုင်းဒေသ၌ ခိုအောင်းနေကြသော စစ်သွေးကြွများကို အစိုးရလေတပ် တိုက်လေယာဉ်များက တနင်္လာနေ့တွင် တိုက်ခိုက်ရာ ၄၂ဦး သေဆုံးကြောင်း အစိုးရနှင့် လုံခြုံရေးတာဝန်ရှိသူများက ပြောကြားသည်။

တာလီဘန်တို့ ခြေကုပ်ယူထားသော အခြားဒေသများကို ရှင်းလင်းခဲ့ပြီးနောက် အစိုးရတပ်ဖွဲ့များက အပြင်းအထန်တိုက်ခိုက်ခဲ့သည့် အော်ရတ်ဇိုင်းဒေသ နေရာသုံးနေရာကို စစ်လေယာဉ်များက တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်

အဆိုပါဒေသများသို့ စစ်သွေးကြွများ ရောက်ရှိနေကြောင်း သတင်းရရှိသဖြင့် လေကြောင်းမှ တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းတိုက်ခိုက်မှုတွင် စစ်သွေးကြွ ၄၂ဦး သေဆုံး၍ ၁၈ဦး ဒဏ်ရာရရှိကြောင်း အစိုးရတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဝန်ကြီး ဦးဉာဏ်ဝင်း အီတလီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်　ဇွန်　၂

၂၀၁၀ ခုနှစ် ဇွန် ၂ ရက်တွင်ကျရောက်သော အီတလီသမ္မတနိုင်ငံ တည်ထောင်သည့် နှစ်ပတ်လည်နေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ အီတလီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဖရန်ကို ဖရက်တီနီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

၂၀၁၀ ခုနှစ် ကာကွယ်ရေးဦးစီးချုပ် (ရေ) တံခွန်စိုက်ဒိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော်　ဇွန်　၁

၂၀၁၀ ခုနှစ် ကာကွယ်ရေးဦးစီးချုပ် (ရေ)တံခွန်စိုက်ဒိုင်း စားပွဲတင် တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲ၊ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို မေ ၂၈ ရက် မွန်းလွဲပိုင်းတွင် ဧရာဝတီရေတပ်စခန်း ဌာနချုပ် သီဟသူရ ထွန်းတင်ခန်းမ၌ကျင်းပရာ ကာကွယ်ရေး ဦးစီးချုပ် (ရေ) ကိုယ်စား ဗိုလ်ချုပ်ဟံစိန် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ တပ်မတော် (ရေ)မှ အရာရှိကြီးများနှင့် မြန်မာနိုင်ငံ စားပွဲတင် တင်းနစ်အဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဖွင့်ပွဲအပြီးတွင် ဗိုလ်လုပွဲများကို ဆက်လက်ကျင်းပရာ ၂၀၁၀ ခုနှစ် ကာကွယ်ရေးဦးစီးချုပ် (ရေ) တံခွန်စိုက်ဒိုင်းဆုကို ဧရာဝတီရေတပ်စခန်းဌာနချုပ် အသင်းက ဆွတ်ခူးရရှိသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး ၂၀၁၀ခုနှစ် ကာကွယ်ရေးဦးစီးချုပ် (ရေ)တံခွန်စိုက်ဒိုင်း စားပွဲတင်တင်းနစ် ပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲသွားသည့် ဧရာဝတီရေတပ်စခန်းဌာနချုပ် အသင်းအား တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ဉာဏ်သစ်လောင်းဟောပြောပွဲ ကျင်းပမည်

ရန်ကုန်　ဇွန်　၁

မြန်မာနိုင်ငံ ဆရာဝန်အသင်း ကိုယ်အင်္ဂါ ပြန်လည်သန်စွမ်းရေး ဆေးပညာအဖွဲ့မှ ကြီးမှူးကျင်းပမည့် အမျိုးသမီးများတွင်အဖြစ်များသော အရိုး၊ ကြွက်သား နာကျင်မှုဆိုင်ရာ ရောဂါများအကြောင်း ဉာဏ်သစ်လောင်းဟောပြောပွဲကို ဇွန် ၅ရက် နံနက် ၈နာရီခွဲမှ မွန်းလွဲ ၁၂ နာရီခွဲအထိ မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင်(အေ)၌ကျင်းပမည်ဖြစ်သဖြင့် ဆရာဝန်များ၊ ဆေးကျောင်းသားများ၊ အကြောကျွမ်းကျင် ပညာရှင်များနှင့် စိတ်ပါဝင်စားသူများတက်ရောက်နိုင်ကြောင်းနှင့် တက်ရောက်လိုပါက ဇွန် ၅ရက် နံနက် ၈နာရီမှစ၍ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်း မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို)၌ မှတ်ပုံတင်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပစ္စည်းသိုလှောင်ရေးနှင့် ဖြန့်ဖြူးရေးဌာန(ပျဉ်းမပင်)တွင် ကတ္တရာပုံးများနှင့် ဘေလီသံပေါင်များ စုဆောင်းထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ဆောက်လုပ်ရေး)

ဝန်ကြီး ဦးခင်မောင်မြင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပစ္စည်းသိုလှောင်ရေးနှင့် ဖြန့်ဖြူးရေးဌာန(ပျဉ်းမပင်)၌ ကြည့်ရှုစစ်ဆေး

နေပြည်တော်　ဇွန်　၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် မေ ၃၁ ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပစ္စည်းသိုလှောင်ရေးနှင့် ဖြန့်ဖြူးရေးဌာန(ပျဉ်းမပင်)သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ အင်ဂျင်နီယာမှူး ဒေါ်မြမြက ပစ္စည်းသိုလှောင်ရေးနှင့် ဖြန့်ဖြူးရေးဌာန(ပျဉ်းမပင်)၌ ကတ္တရာများ ရောက်ရှိ၊ ဖြန့်ဝေမှု၊ ဘေလီသံပေါင်များ စုဆောင်းထိန်းသိမ်းထားရှိမှု အခြေအနေ၊ ပစ္စည်းသိုလှောင်ဝင်း အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယ ဦးဆောင်ညွှန်ကြားရေးမှူး (လုပ်ငန်း) ဦးဝင်းတင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူး ဦးစောအောင်က ပြည်နယ်၊ တိုင်းများရှိ အထူးစီမံကိန်းကြီးများ တည်ဆောက်ရေး လုပ်ငန်းခွင်များသို့ သံချောင်း၊ ဘေလီ၊ ကတ္တရာများကို ကုန်းလမ်းနှင့် ရေလမ်းတို့မှ အချိန်ကြန့်ကြာမှုမရှိအောင် သယ်ယူပို့ဆောင်ပေးနေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် တာဝန်ရှိသူများအား တွေ့ဆုံ၍ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် စီမံ၊ ဘဏ္ဍာ၊ ပစ္စည်း၊ အင်ဂျင်နီယာပိုင်းသည် အလွန်အရေးကြီးကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် လမ်း၊ တံတား၊ အဆောက်အအုံ၊ လေယာဉ်ကွင်းများ ဆောင်ရွက်ရာ၌ ပစ္စည်းသည် အဓိကလိုအပ်ကြောင်း၊ သိုလှောင်ဝင်းအတွင်း ထားရှိသည့် ပစ္စည်းများ အလေအလွင့်မရှိအောင် စနစ်တကျ ထိန်းသိမ်းထားဖို့ လိုအပ်ကြောင်း၊ ရောက်ရှိလာသည့် ကတ္တရာများကို ပြည်နယ်၊ တိုင်းရှိ လုပ်ငန်းခွင်များသို့ အချိန်နှင့် တစ်ပြေးညီ အမြန်ပေးပို့သွားရန်လိုကြောင်း မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် ပစ္စည်းသိုလှောင်ရုံဝင်းအတွင်းရှိ ကုမ္ပဏီမှ ရောက်ရှိသည့် ကတ္တရာ ၆၈၇ တန်အား ပြည်နယ်၊ တိုင်းများရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသော လမ်းလုပ်ငန်းများသို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်ပေးနေမှု အခြေအနေကိုလည်းကောင်း၊ နိုင်ငံခြားမှ ဝယ်ယူထားသော ဘေလီသံပေါင်များ စနစ်တကျ ထိန်းသိမ်းထားရှိမှု အခြေအနေတို့ကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဂျပန်နိုင်ငံ တိုကျိုမြို့၌ကျင်းပမည့် မြန်မာ့ရိုးရာ ခြင်းလုံးခတ်သရုပ်ပြပွဲသို့ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်မှ ဘဏ္ဍာရေးမှူး ဦးထွန်းဝင်း(ခ) ဦးမြင့်လွင် ဦးဆောင်သောအဖွဲ့ မေ ၂၆ ရက်က ထွက်ခွာသွားရာ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးရဲအောင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (ခြင်းလုံးအဖွဲ့ချုပ်)

ကုန်သည်/စက်မှုအသင်းချုပ် ဟောပြောပွဲ ကျင်းပမည်

ရန်ကုန်　ဇွန်　၁

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ကြီးမှူးကျင်းပသော လစဉ် ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲ (ဇွန် / ၂၀၁၀) ကို ဇွန် ၅ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower (ပထမထပ်) ခန်းမကြီး၌ စာရေးဆရာမဂျူးက "သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျင့်ဝတ်နီတိ" (Environmental Ethic) ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ အသင်းဝင်များနှင့် စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဘေးကင်း သွယ်လျ လှပအဆီကျစေသည့် Lobese ဆေးဝါးဖြန့်ချိ

ရန်ကုန်　ဇွန်　၁

ကိုယ်အလေးချိန် ရှိသင့်သည်ထက် မပိုစေရန် နေ့စဉ်ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများ ပုံမှန်လုပ်ခြင်းသည် ကိုယ်အလေးချိန်လျှော့ကျရန်သာမက ခန္ဓာကိုယ်ကျန်းမာရေးအတွက်ပါ အထောက်အကူပြုစေသည်။ အဝလွန်ခြင်းသည် ကယ်လိုရီစားသုံးခြင်းနှင့် ကိုယ်ခန္ဓာမှ ကယ်လိုရီ သုံးစွဲခြင်းအချိုးမညီမှုကြောင့် ခန္ဓာကိုယ်အတွင်း အဆီဖြစ်ပေါ်စေပြီး အဝလွန်ခြင်းဖြစ်ပေါ်လာရသည်။

ယခုအခါ အစားအစာများကို ပုံမှန်ထက်လျှော့စားရန်မလိုဘဲ ကိုယ်အလေးချိန်ကျစေမည့် Lobese Carbohydrate Blocker ဆေးဝါးကို Australia နိုင်ငံမှ ထုတ်လုပ်လျက်ရှိသည်။ Lobese ဆေးဝါးသည် သဘာဝပစ္စည်းဖြစ်ပြီး White Kidney Bean ခေါ်သည့် ပဲတစ်မျိုးမှ သန့်စင်ထားသည့် Phascolus Vulgaris 500-mg ပါဝင်သည်။ နိုင်ငံတကာတွင် Kidney Bean ကို ကျန်းမာရေးအတွက် အကောင်းဆုံးအစာ (World's Healthiest Food)အဖြစ် စံပြုထားသည်။

Lobese သည် အစာစားချင်စိတ်လျော့ကျ၍ ခံတွင်းပျက်အောင် လုပ်ဆောင်ခြင်းမရှိ၊ စားသုံးသည့်အစာတွင်ပါရှိသည့် Carbohydrate များကို ခန္ဓာကိုယ်ထဲမှ စုပ်ယူမှုနည်းအောင် တားဆီးပေးခြင်း ဖြစ်သည်။ Lobese သောက်သုံးပြီး ကယ်လိုရီ ၃၀၀ ပါဝင်သည့် ထမင်းတစ်ပန်းကန်စားသုံးသည့်အခါ ကယ်လိုရီ ၅၀သာရရှိမည်ဖြစ်သည်။ အစားအစာများကို ပုံမှန်ထက်လျှော့စားရန်မလိုဘဲ ကိုယ်အလေးချိန်ကျဆင်းအောင် Lobese က ဆောင်ရွက်ပေးခြင်းဖြစ်သည်။ Lobese သောက်သုံးခြင်းကြောင့် သုတေသနပြုလုပ်တွေ့ရှိချက်အရ တစ်လလျှင် ကိုယ်အလေးချိန် ခြောက်ပေါင်မှ ခုနစ်ပေါင်ခန့်အထိ ကျဆင်းသည်ကို တွေ့ရှိရသည်။ အစာမစားမီ ၁၅မိနစ်ခန့်အလိုတွင် Lobese တစ်လုံး(သို့မဟုတ်) နှစ်လုံးကို တစ်နေ့နှစ်ကြိမ်သောက်သုံးနိုင်ပြီး ရေရှည်တွင် ဘေးထွက်ဆိုးကျိုးမရှိကြောင်း သိရှိရသည်။

Lobese ကို Zifam Pinnacle Pty Ltd. ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်း ဒဂုံတာဝါ အခန်း အမှတ်(၁၀၃)၊ ဖုန်း-၅၅၈၂၄၈နှင့် ၅၄၄၄၆၇၊ E-mail: Zifamltd @ mpt.mail. net.mm www.Zifampinnacle. com က တင်သွင်းဖြန့်ချိကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

မုတ်သုံလေ အားအသင့်အတင့်ရှိမည်

ရန်ကုန်　ဇွန်　၁

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မကွေးတိုင်း၊ မန္တလေးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့တွင် နေရာကျဲကျဲ၊ မွန်ပြည်နယ်တွင် နေရာအနှံ့အပြားနှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာခဲ့ကာ ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ဂွမြို့တွင် ၃ ဒသမ ၀၇ လက်မ၊ ဘီလင်းမြို့တွင် ၂ ဒသမ ၈၇ လက်မ၊ ကျောက်တော်မြို့တွင် ၁ ဒသမ ၉၃ လက်မ၊ မြဝတီမြို့တွင် ၁ ဒသမ ၇၃ လက်မနှင့် ဘားအံမြို့တွင် ၁ ဒသမ ၃၄ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

ဇွန် ၂ ရက် ညနေထိခန့်မှန်းချက်။ ။ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် (၃၄ ဒသမ ၂ ဒီဂရီစင်တီဂရိတ်) ၉၄ ဒီဂရီဖာရင်ဟိုက်	၃၁-၅-၂၀၁၀
အနိမ့်ဆုံးအပူချိန် (၂၅ ဒသမ သုည ဒီဂရီစင်တီဂရိတ်) ၇၇ဒီဂရီဖာရင်ဟိုက်	၁-၆-၂၀၁၀
၉း၃၀ နာရီအချိန်စိုထိုင်းဆ ၈၅ ရာခိုင်နှုန်း	၁-၆-၂၀၁၀
နေပူသည့်နာရီပေါင်း ၄ ဒသမ ၅ နာရီခန့်	၃၁-၅-၂၀၁၀

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၁-၆-၂၀၁၀	၄ မမ (၀. ၁၆ လက်မ)	Tr	၁၃ မမ (၀. ၅၀ လက်မ)
၁-၁-၂၀၁၀ မှ ယနေ့အထိ	၃၀၄ မမ (၁၁. ၉၇ လက်မ)	၃၀၈ မမ (၁၂. ၀၃ လက်မ)	၃၂၈ မမ (၁၂. ၉၁ လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၃၁-၅-၂၀၁၀ ရက် ၃း၃၀ နာရီအချိန်တွင် အနောက်ဘက်မှ တစ်နာရီ ၆ မိုင်နှုန်း တိုက်ခတ်သည်။

ဝန်ကြီး ဦးညဏ်ဝင်းအား နော်ဝေးနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၁

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းအား နော်ဝေးနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီး မစ္စတာအဲရစ် ဆိုလ်ဟိန်းမ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဧည့်သည်တော် နော်ဝေးနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ နော်ဝေးသံအမတ်ကြီး မစ္စစ်မီရက်ထ်ဂျဲလ်ဒ် ဘရက်တက်စ်နှင့် နော်ဝေးအဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းနှင့်အတူ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

လာရောက်တွေ့ဆုံ

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းအား နော်ဝေးနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီး မစ္စတာအဲရစ် ဆိုလ်ဟိန်းမ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

(၂၅၇) ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်

ရန်ကုန် ဇွန် ၁

(၂၅၇) ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ ထွက်ပေါ်လာသော ဆုကြီးများစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်-

အထူးဆုကြီးတစ်ဆုကျပ်သိန်း ၁၀၀၀

က-၅၅၅၈၂၃

ဆုကြီးတစ်ဆုချင်းကျပ်သိန်း ၅၀၀

ဎ-၄၈၇၈၆၄

ဆုကြီးတစ်ဆုချင်းကျပ်သိန်း ၃၀၀ ဆုများ

ဒ-၆၇၂၅၀၆ စ-၃၉၄၉၅၄

ဆုကြီးတစ်ဆုချင်းကျပ်သိန်း ၂၀၀ ဆုများ

ည-၂၀၃၉၇၄ ဆ-၂၉၉၆၁၄
ဃ-၄၈၉၇၄၄ ဏ-၈၅၄၁၀၃
ဖ-၆၉၉၀၈၃

ကျပ်သိန်း ၁၀၀ ယူနစ်(မင်္ဂလာစုံတွဲစနစ်)ဆုမဲများ

ဆ-၈၀၂၇၄၉	င-၈၀၁၅၁၁	ပ-၇၁၃၃၃၉	ဇ-၇၂၃၆၉၂
ဎ-၆၁၆၀၄၅	င-၉၄၅၁၂၅	ဎ-၃၉၃၅၄၄	ခ-၅၆၇၅၆၇
ဋ-၆၄၄၇၅၆	ဎ-၁၆၉၅၀၇	ည-၁၂၂၈၂၂	ဇ-၇၅၂၀၆၄
ခ-၂၅၇၁၈၂			

သထုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ကျေးလက်ငွေလုံးငွေရင်း လုပ်ငန်းဖြစ်သော ကျောက်တန်းသုသာန်အဝင်လမ်းနှင့် အမှိုက်ကန်သွားလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးမြင့်သိန်း ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်သန်းသန်းဌေး ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

Google Earth နှင့် GIS လက်တွေ့အသုံးချနည်းသင်တန်း ဖွင့်လှစ်မည်

နေပြည်တော် ဇွန် ၁

Google Earth ဝက်ဘ်ဆိုက်မှ အခမဲ့ရယူ အသုံးပြုနိုင်သော ကောင်းကင်ဓာတ်ပုံ၊ ဂြိုဟ်တုဓာတ်ပုံများကို စိုက်ပျိုးရေး၊ ဆည်မြောင်း၊ စည်ပင်သာယာရေးလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ သဘာဝဘေး ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ၊ ကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာစီမံချက်များအတွက် GIS(Geographic Information Systems)ပထဝီသတင်းအချက်အလက်မြေပုံစနစ် သို့မဟုတ် ကွန်ပျူတာသုံး သတင်းအချက်အလက် မြေပုံစနစ်နှင့် ချိတ်ဆက်အသုံးပြုပုံများကို သင်ကြားပို့ချသွားမည်။

သက်ဆိုင်ရာ အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများမှ ဝန်ထမ်းများ၊ နိုင်ငံတကာနှင့် မြန်မာနိုင်ငံအတွင်းရှိ အစိုးရမဟုတ်သော အဖွဲ့အစည်း (NGO) များမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း၊ ဝါသနာရှင်အသင်းတို့မှ အသင်းဝင်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အသင်းဝင်များ၊ ကျောင်းသားကျောင်းသူများအတွက် သင်တန်းကြေးကို ၂၀ ရာခိုင်နှုန်း လျှော့၍ လည်းကောင်း၊ နယ်မှလာတက်သော သင်တန်းသားများအတွက် သင်တန်းကြေးကို ၄၀ ရာခိုင်နှုန်း လျှော့၍လည်းကောင်း လက်ခံသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဖွင့်လှစ်သင်ကြား

အဆိုပါ သင်တန်းကို ဇွန် ၅၊ ၆၊ ၁၂နှင့် ၁၃ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ်ရှိ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် e- Learning Center၊ အဆောင် (၁) အခန်း (၄)၌ ရက်သတ္တနှစ်ပတ် (သင်တန်းကာလ-လေးရက်)ကြာ ဖွင့်လှစ်သင်ကြားသွားမည် ဖြစ်သည်။

သင်တန်းနှင့် ပတ်သက်၍ စိတ်ပါဝင်စားသူများအနေဖြင့် အသေးစိတ်အချက်အလက်များကို Myanmar Credent Technology အဆောင် (၁)၊ အခန်း (၇)၊ Myanmar Info Tech ဖုန်း- ၆၅၂၂၈၅၊ ၆၅၂၂၈၆ တို့သို့ ဆက်သွယ်စုံစမ်းအပ်နှံနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး ပညာသင်ထောက်ပံ့ကြေးပေး

ရန်ကုန် ဇွန် ၁

ရန်ကုန်အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးရှိ တပ်ဖွဲ့ဝင် စာရေးဝန်ထမ်းများ၏ သားသမီးများအား ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့က အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းခိုင်နှင့် တာဝန်ရှိသူများက တက္ကသိုလ်အဆင့် ၁၁ ဦး၊ အထက်တန်းအဆင့် ၁၅ ဦး၊ အလယ်တန်းအဆင့် ၂၂ ဦး၊ မူလတန်းအဆင့် ၃၁ ဦး စုစုပေါင်း ၇၉ ဦးတို့အား ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(ကြေးမုံ)

ပန်းကလေးတွေမွှေးပါစေ

✻ မိုးဥတုမှာ၊ နီးထလာ၍
ဆောင်းမှာနွဲ့ယိမ်း၊ နှင်းရည်လိမ်းလျက်
စိမ်းလဲ့သစ်လွင်၊ နွေခါတွင်လည်း
အသွင်မညှိုး၊ အယဉ်တိုးကာ
လှမျိုးစုံလင်၊ ပြစ်ကင်းစင်သည်
ဥယျာဉ်ထဲက ပန်းကလေးများ။
✻ ပန်းကလေးတို့၊ ဂုဏ်မချို့ဘဲ
စိမ်းညို့ဝေဖြာ၊ ပွင့်ဖူးပါမှ
အနာဂတ်ရေး၊ ဒို့ပြည်အေးလိမ့်။
✻ ပန်းကလေးတွေ၊ ရနံ့ဝေမှ
ဒို့မြေသန့်ရှင်း၊ ရန်မျိုးကင်းလျက်
အလင်းရောင်ဖြာ၊ ဒို့ပြည်သာလိမ့်။
✻ ပန်းကလေးများ၊ ဖူးတံကြွားလျက်
ချိုပျားရသာ၊ ဝတ်ရည်ဖြာမှ
မျက်နှာမငယ်၊ ကမ္ဘာ့အလယ်၌
တင့်တယ်ရှန်းပ၊ ဒို့ပြည်လှလိမ့်။
✻ ဩော်....အ အာ အိ အီ၊ အစချီလျက်
အေ ဘီ စီ ဒီ၊ အီး အက်ဖ် ဂျီနှင့်
စုံညီနှုတ်က၊ ရွတ်ဆိုကြရင်း
တက်ကြွလန်းရွှင်၊ ပန်းဥယျာဉ်ဝယ်
ရင်သွေးမာလာ၊ ရတနာတို့
နံ့သာမှုန်ဖူး၊ ဝတ်ရည်ဦးနှင့်
တင့်မြူးလှပ၊ ရှိစေကြဖို့
မိဘဆရာ၊ ညီညွတ်စွာဖြင့်
ကြင်နာယုယ၊ ပြုစုကြ၍
မြေဆွပေါင်းသင်၊ လက်ဦးပြင်သည့်
ဥယျာဉ်မှူးများ၊ မေတ္တာအားကြောင့်
ဝင့်ကြွားထုံလန်း၊ ဥယျာဉ်နန်းဝယ်
ပန်းကလေးတွေ မွှေးပါစေ။
မိမြန်ပြည်၏ ကျက်သရေ။ ။

မြင်းမူမောင်နိုင်မိုး

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းနေ ဦးဇော်ထွန်း-ဒေါ်သီတာစိန်၊ သမီး- မအိငြိမ်းဇော်တို့က သား-မောင်ပြည့်ဖြိုးဇော် (၁၂)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဆွမ်းပဒေသာပင်နှင့် တစ်နေ့လုံးစာ အထူးအာဟာရအတွက် အလှူငွေကျပ် နှစ်သိန်းငါးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ပို့ဆောင်ရေးဝန်ကြီးဌာန၏ ၂၀၁၀ -၂၀၁၁ ပညာသင်နှစ် ဝန်ထမ်းသားသမီး ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဇွန် ၁

ပို့ဆောင်ရေးဝန်ကြီးဌာန၏ ၂၀၁၀ -၂၀၁၁ ပညာသင်နှစ် ဝန်ထမ်းသားသမီး ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲအခမ်းအနားကို ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဝန်ကြီး ဦးသိန်းဆွေက ဝန်ထမ်းသားသမီး ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

ထို့နောက် ဝန်ကြီး ဦးသိန်းဆွေနှင့် ဇနီး ဒေါ်မြသီဂီတို့က ၂၀၁၀ -၂၀၁၁ ပညာသင်နှစ်တွင် ပညာသင်ကြားနေကြသည့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဝန်ထမ်းသားသမီး ကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ကြေး ငွေများကို ပေးအပ်ပြီး ဒုတိယဝန်ကြီးနှင့် ဇနီး၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ၎င်းတို့၏ ဇနီးများက ကျောင်းသား၊ ကျောင်းသူများထံ ပညာသင်ထောက်ပံ့ကြေးငွေများကို ပေးအပ်ကြသည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများကိုယ်စား ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ ပေးအပ်ပွဲအခမ်းအနားတွင် ပို့ဆောင်ရေးဝန်ကြီးဌာနရှိ ဝန်ထမ်းမိသားစုများ၏ မူလတန်း၊ အလယ်တန်း၊ အထက်တန်းတို့တွင် တက်ရောက်နေသော ကျောင်းသား၊ ကျောင်းသူ ၆၉၇၇ ဦးအတွက် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးငွေကျပ် ၂၆၆၇၀၀၀ ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ ပို့ဆောင်ရေးဝန်ကြီးဌာန၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ဝန်ထမ်းသားသမီး ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

သင့်သွေးဖြင့် အသက်ကယ်ပါ

ဝန်ကြီး သူရဦးအေးမြင့် အင်ဒိုနီးရှား ဂျာကာတာမြို့၌ ကျင်းပသည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အဖွဲ့ချုပ်ကောင်စီအစည်းအဝေး တက်ရောက်ခဲ့

နေပြည်တော် ဇွန် ၁

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် ဦးဆောင်သော မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ကိုယ်စားလှယ်အဖွဲ့သည် မေ ၂၈ ရက်မှ ၃၁ ရက်အထိ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျာကာတာမြို့၌ ကျင်းပသည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အဖွဲ့ချုပ် ကောင်စီအစည်းအဝေးသို့ တက်ရောက်ပြီး ယမန်နေ့က မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသည်။

ဝန်ကြီး ဦးဆောင်သော အဖွဲ့ဝင် လေးဦးပါဝင်သည့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ကိုယ်စားလှယ်အဖွဲ့သည် မေ ၂၉ ရက် နံနက်ပိုင်းတွင် ဂျာကာတာမြို့ရှိ အားကစားကွင်း၊ အားကစားရုံများသို့ တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုလေ့လာကာ ညပိုင်းတွင် ဂျာကာတာမြို့တော်ခန်းမ၌ ကျင်းပသော ဂျာကာတာမြို့တော် ဒုတိယအုပ်ချုပ်ရေးမှူး၏ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အဖွဲ့ချုပ် ကောင်စီအစည်းအဝေး (Southeast Asian Games Federation Council Meeting)ကို မေ ၃၀ ရက် မွန်းလွဲ ၂ နာရီတွင် ဂျာကာတာမြို့ Hotel Mulia Senayan - Gerbera ခန်းမ၌ ကျင်းပရာ အရှေ့တောင်အာရှ အားကစားအဖွဲ့ချုပ် အဖွဲ့ဝင် ၁၁ နိုင်ငံမှ ကောင်စီဝင်များ တက်ရောက်ခဲ့ကြကာ ၂၀၁၁ ခုနှစ် အင်ဒိုနီးရှားသမ္မတနိုင်ငံ၌ ကျင်းပမည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပရေးဆိုင်ရာ ကိစ္စရပ်များ၊ အရှေ့တောင်အာရှဒေသ အားကစားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြပြီး အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအဖွဲ့ချုပ် ကောင်စီဝင် ဝန်ကြီး သူရဦးအေးမြင့်က ၂၀၁၃ ခုနှစ် မြန်မာနိုင်ငံ နေပြည်တော်၌ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်မှုများကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းပြသကာ ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံ၌ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရေးအတွက် အဆိုပြု တင်သွင်းခဲ့ရာ အစည်းအဝေးတက်ရောက်သူအားလုံးက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုလက်ခံအတည်ပြုကြသည်။

ဆက်လက်၍ အဆိုပြုလွှာကို အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီအဖွဲ့ဝင် အင်ဒိုနီးရှားသမ္မတနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ Mrs. Rita Subowo ထံ တရားဝင်လွှဲပြောင်းပေးအပ်ပြီး အဖွဲ့ချုပ်ကောင်စီ၏ အတည်ပြုချက်ကို ရယူခဲ့သည်။

ယင်းနောက် မေ ၃၁ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့ရာ ကိုယ်စားလှယ်အဖွဲ့တွင် ပါဝင်ပြီး အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အဖွဲ့ချုပ် ကောင်စီ အစည်းအဝေးနှင့် လုပ်ငန်းအလိုက် ဖွဲ့စည်းထားရှိသည့် လုပ်ငန်းကော်မတီများ၏ အစည်းအဝေးများသို့ တက်ရောက်ခဲ့ကြသော မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးခင်မောင်လွင်နှင့် ကော်မတီဝင် ပါမောက္ခ ဒေါက်တာသန်းတိုးတို့လည်း ပြန်လည်လိုက်ပါလာကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျာကာတာမြို့၌ကျင်းပသည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အဖွဲ့ချုပ်ကောင်စီအစည်းအဝေးတွင် အရှေ့တောင်အာရှအားကစားအဖွဲ့ချုပ် အဖွဲ့ဝင်နိုင်ငံများမှ ကောင်စီဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ကွန်ပျူတာသင်တန်းအမှတ်စဉ်(၃)ဖွင့်လှစ်

နေပြည်တော် ဇွန် ၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဌာနခွဲအသီးသီးရှိ ဝန်ထမ်းများ သတင်းနှင့် နည်းပညာဗဟုသုတများ ရရှိစေရန်၊ ရုံးလုပ်ငန်းများတွင် ကွန်ပျူတာကို စနစ်တကျ ကျွမ်းကျင်စွာ သုံးစွဲတတ်စေရန်နှင့် သတင်းအချက်အလက် လုံခြုံရေးဆိုင်ရာ စီမံခန့်ခွဲမှု ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ချက်များဖြင့် ကွန်ပျူတာသင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိရာ ကွန်ပျူတာသင်တန်း အမှတ်စဉ်(၃) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက အမှာစကားပြောကြားသည် ။ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းတွင် ကွန်ပျူတာသင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိရာ သင်တန်းအမှတ်စဉ်(၁)နှင့် (၂)တို့တွင် သင်တန်းသား ၃၀ စီဖြင့် ဖွင့်လှစ်ပို့ချခဲ့ပြီး ယခုအမှတ်စဉ်(၃)တွင် သင်တန်းသား ၄၀ အား သင်တန်းကာလ နှစ်လကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ကွန်ပျူတာသင်တန်း အမှတ်စဉ်(၃)ဖွင့်ပွဲ အခမ်းအနားကျင်းပစဉ်။ (သတင်းစဉ်)

သံဖြူဇရပ်မြို့ စက်သစ်ရပ်ကွက် ခေါ်ပင်ချောင်းအတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ဆယ်တင်နေမှုကို အမှုဆောင်အရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးမြင့် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မီးမှန်သမျှ သုံးတတ်က မချမ်းဘေး စဉ်ကင်းဝေး၊ မသုံးတတ်က မီးရန်က ဒုက္ခပေးလိမ့်မည်

မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

နေပြည်တော်　　ဇွန်　　၁

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၆၅/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ်(၆၅/၂၀၁၀)
၁၃၇၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်
(၂၀၁၀ ပြည့်နှစ်၊ ဇွန်လ ၁ ရက်)
မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီအား
နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်တိုးချဲ့ရပ်ကွက်၊ မဟော်ဂနီလမ်း၊ အမှတ်(၂/၂/၂၃၂)တွင် ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော **မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ**အား ၂၀၁၀ ပြည့်နှစ်၊ ဇွန်လ ၁ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ၏ မှတ်ပုံတင်အမှတ်မှာ (၂၅) ဖြစ်ပါသည်။

အမိန့်အရ

(ပုံ) ဝင်းကို
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ချင်းတိုးတက်ရေးပါတီ(Chin Progressive Party)အား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

နေပြည်တော်　　ဇွန်　　၁

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ်(၆၆/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ်(၆၆/၂၀၁၀)
၁၃၇၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်
(၂၀၁၀ ပြည့်နှစ်၊ ဇွန်လ ၁ ရက်)
ချင်းတိုးတက်ရေးပါတီ (Chin Progressive Party) အား
နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ (၈) ရပ်ကွက်၊ နာနတ်တောလမ်း၊ ပြည်ရိပ်မွန်အိမ်ရာ၊ တိုက်(၂)၊ အခန်း(၂၂)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ချင်းတိုးတက်ရေးပါတီ (Chin Progressive Party)** အား ၂၀၁၀ ပြည့်နှစ်၊ ဇွန်လ ၁ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

ချင်းတိုးတက်ရေးပါတီ (Chin Progressive Party)၏ မှတ်ပုံတင်အမှတ်မှာ (၂၆) ဖြစ်ပါသည်။

အမိန့်အရ

(ပုံ) ဝင်းကို
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

အင်းအမျိုးသား
နိုင်ငံရေးပါတ

နေ

ပြည်ထောင်စုရွေးကောက
ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေ
အဆိုပါကြေညာချက်အ

ပြည်
ပြည်ထေ

ကြေ
၁၃၇၂ ခုနှ
(၂၀၁
အင်းအမျိုး
နိုင်ငံရေးပ

ရှမ်းပြည်နယ်၊ ညောင်
တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထား
အား ၂၀၁၀ ပြည့်နှစ်၊ ဇွန်လ
ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်
အင်းအမျိုးသား ဖွံ့ဖြိုး
သည်။

❑ကျောဖုံးမှ

(Better City, Better Life) ဆောင်ပုဒ်နှင့်အညီ အထူးကဏ္ဍအဖြစ် အဆိုပါကဏ္ဍကို ဖော်ထုတ်ထားသည်။

ကမ္ဘာ့ကုန်စည်ပြပွဲသမိုင်းတွင် "မြို့ပြအကောင်းဆုံးလူနေမှုကျင့်စဉ်များကဏ္ဍ" ကို ထည့်သွင်းခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။ ယခင်ကုန်စည်ပြပွဲများတွင် နိုင်ငံအလိုက် သို့မဟုတ် နိုင်ငံတကာအဖွဲ့အစည်းအလိုက်သာ ပြသခဲ့ကြသော်လည်း မြို့အလိုက် ခင်းကျင်းပြသမှု မရှိခဲ့ပေ။

ယနေ့ကာလ ကမ္ဘာတစ်ဝန်း မြို့ပြထူထောင်မှု (Urbanization) လုပ်ငန်းများ ဒီရေအလား တရိပ်ရိပ် တိုးလာချိန်တွင် မြို့ကြီးများ၏ လူနေမှုဘဝ တိုးတက်မှုအခြေအနေကို ပြသရန် ရှန်ဟိုင်းကုန်စည်ပြပွဲက ဦးတည်သည်။ မြို့ပြဆိုင်ရာတည်ဆောက်မှု၊ မြို့ပြဆိုင်ရာ စီမံခန့်ခွဲမှုနှင့် မြို့ပြဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုတို့နှင့်ပတ်သက်၍ ကမ္ဘာ့မြို့ကြီးများ အတွေ့အကြုံချင်း ဖလှယ်နိုင်စေရန် ဖော်ပြပါကဏ္ဍကိုထည့်သွင်းထားကြောင်း ကုန်စည်ပြပွဲ ကျင်းပရေးဗျူရိုတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရှန်ဟိုင်းကုန်စည်ပြပွဲတွင် ကမ္ဘာ့မြို့ကြီး ၅၀ခန့်က ပါဝင်ပြသရန် နိုင်ငံတကာရွေးချယ်ရေးကော်မတီ တစ်ရပ်က ရွေးချယ်ပေးခဲ့သည်။

"မြို့ပြ အကောင်းဆုံးလူနေမှုကျင့်စဉ်များကဏ္ဍ"တွင် ပြသသည့် ပြခန်းများကို မြေနေရာအကျယ်အဝန်းသုည ဒသမ ၁၅ စတုရန်းကီလိုမီတာတွင် တည်ဆောက်ထားသည်။ ပြခန်းဆောင် ၃၄ ခုနှင့် လက်ဝေခံ အဆောက်အအုံများကို တွေ့ရသည်။ ရှန်ဟိုင်းမြို့ဟောင်း ပူရှီးဒေသရှိ "မြို့ပြအကောင်းဆုံးလူနေမှုကျင့်စဉ်များကဏ္ဍ" ပြခန်းဆောင်များမှာ ဇုန် (C) တွင် တည်ရှိပြီး ကြမ်းခင်းဧရိယာ ၁၅ ဟက်တာရှိကြောင်း တာဝန်ရှိသူက ရှင်းပြသည်။

သမိုင်းဝင် ယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရင်း သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီသော နည်းပညာဆိုင်ရာ တီထွင်စမ်းသစ်မှုများကို ဖော်ထုတ်နိုင်ရန် လူသားတို့ကြိုးပမ်းနေကြပုံကို ယင်းပြခန်းများက ဖော်ကျူးလျက်ရှိသည်။

အနာဂတ်ကာလ မြို့ပြလူနေမှုဘဝ၏ ပုံစံကိုပြသနိုင်ရန် "မြို့ပြ အကောင်းဆုံး လူနေမှုကျင့်စဉ်များကဏ္ဍ" တွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ နည်းပညာသစ်များကို အသုံးပြုထားကြောင်း ကုန်စည်ပြပွဲ ညှိနှိုင်းရေးဗျူရိုက ပြောကြားသည်။

ရှန်ဟိုင်းကုန်စည်ပြပွဲတွင် ပြသသည့် စပိန်ပြခန်းဆောင်ကို တွေ့ရစဉ်။

ရိုးရိုးလေးနှင့် ယဉ်သည့် လူနေမှုဘဝကို ဖော်ကျူးနေသော ရှန်ဟိုင်းပြခန်းဆောင်ကို တွေ့ရစဉ်။

ပြခန်းဧရိယာတစ်ခုမှာ စက်ရုံအဆောက်အအုံဟောင်းများကို ပြန်လည်မွမ်းမံကာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသော အဆောက်အအုံသစ်များအဖြစ်သို့ ပြောင်းလဲထားသည်။

တရုတ်နိုင်ငံရှိ ချန်ဒူးမြို့ကို ကိုယ်စားပြုလျက် ခင်းကျင်းပြသသော "ချန်ဒူးဇလဥယျာဉ်" (Chengdu Living Water Park)သည် မြို့ပြဒေသအတွင်း တည်ဆောက်သော ဂေဟစနစ်ဥယျာဉ် (Ecological Park) ဖြစ်ပြီး သဘာဝဥယျာဉ် စုဆောင်းသည့်စနစ်၊ ရေဆိုးသန့်စင်သည့်စနစ်တို့ကိုပြသထားသည်။

ဂျာမနီနိုင်ငံ ဟမ်းဘတ်မြို့ကို ကိုယ်စားပြုသော ပြကွက်မှာ ဟမ်းဘတ်ပြခန်းဆောင် (Hamburg Pavilion) ဖြစ်ပြီး ယင်းပြခန်းဆောင်၏ အခန်းအပူချိန်မှာ ဥတုရာသီမရွေး ၂၅ ဒီဂရီစင်တီဂရိတ်ဝန်းကျင်တွင် ထိန်းထားသည်။ လေအေးပေးစက်၊ လေပူပေးစက်တို့ကို အသုံးပြုရန် မလိုအပ်ဘဲ အခန်းအပူချိန်အား ထိန်းညှိပေးနိုင်သော စနစ်ကို ဖော်ထုတ်ပြသသည်။

ယင်းပြခန်းဆောင်၏ စွမ်းအင်သုံးစွဲမှုမှာ သာမန်အဆောက်အအုံတစ်လုံးက အသုံးပြုရန်လိုအပ်သော စွမ်းအင်ပမာဏ၏ ၁၀ ရာခိုင်နှုန်းမျှသာ ရှိသည်ဆို၏။ အနာဂတ်ကာလတွင် ဂျာမနီနိုင်ငံ၌ အလားတူအိမ်ရာများကို စီမံကိန်းချ၍ တည်ဆောက်လာမည်ဖြစ်သည်။

စပိန်နိုင်ငံ မဒရစ်မြို့ကို ကိုယ်စားပြုသော ပြကွက်မှာ မဒရစ်ပြခန်းဆောင် (Madrid Pavilion) ဖြစ်သည်။ ယင်းပြခန်းဆောင်ကို ဝါးဖြင့် တည်ဆောက်ထားပြီး နေစွမ်းအင်ထုတ်ယူရေး ကိရိယာများကို တပ်ဆင်ထားသည်။ မဒရစ်မြို့တော်ကောင်စီက အကောင်အထည်ဖော်မည့် အိမ်ရာစီမံကိန်း တစ်ရပ်အဖြစ် ခင်းကျင်းပြသထားသည်။

မက္ကာ ပြခန်းဆောင် (Mecca Pavilion)မှာမူ ဆော်ဒီအာရေဗျနိုင်ငံ၏ ဘာသာရေးအရ အထွတ်အမြတ်ပြုသော မက္ကာမြို့ကို ကိုယ်စားပြုသည်။ ၄ စတုရန်းကီလိုမီတာဧရိယာအတွင်း လူသုံးသန်း တည်းခိုနေထိုင်နိုင်သော ရွက်ဖျင်တဲ အဆောက်အအုံများအား သဘာဝပတ်ဝန်းကျင်မပြတ် တည်ဆောက်နိုင်ပုံကို ပြသထားသည်။ မီးလောင်နိုင်ခြင်းမရှိသည့် အပြင် လေပြင်းတိုက်မှုဒဏ်ကို ခံနိုင်ပြီး ရေတိုက်စားမှုမှ ရှောင်လွှဲနိုင်သော အထူးရွက်ဖျင်ကို အသုံးပြုကာ တည်ဆောက်ထားသည်။ ယင်းရွက်ဖျင်တဲ၏ သက်တမ်းမှာ ၂၅နှစ်အထိရှိကြောင်း သိရသည်။

အနာဂတ်ကာလတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းပညာသုံး အဆောက်အအုံများကို ကမ္ဘာတစ်လွှား၌ တည်ဆောက်လာကြပေမည်။ "မြို့ပြအကောင်းဆုံးလူနေမှုကျင့်စဉ်များ ကဏ္ဍ"တွင် စူကျိုး(တရုတ်)ပြခန်းဆောင်၊ ဗင်းနစ်(အီတလီ)ပြခန်းဆောင်၊ လီဗာပူး(အင်္ဂလန်)ပြခန်းဆောင်၊ ကိုင်ရို(အီဂျစ်)ပြခန်းဆောင်၊ ဟန်ကျိုး(တရုတ်)ပြခန်းဆောင်၊ မွန်ထရီယယ်(ကနေဒါ) ပြခန်းဆောင်၊ စော်ပိုလို(ဘရာဇီး) ပြခန်းဆောင်၊ ဆိုးလ်(တောင်ကိုရီးယား)ပြခန်းဆောင်

အိုက်စလန်ပြခန်းဆောင်တွင်
နေကြသူများကို တွေ့ရစဉ်။



အင်းအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

နေပြည်တော် ဇွန် ၁

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ်(၆၇/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ်(၆၇/၂၀၁၀)
၁၃၇၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်
(၂၀၁၀ ပြည့်နှစ်၊ ဇွန်လ ၁ ရက်)
အင်းအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီအား
နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်၊ မင်္ဂလာရပ်၊ လမ်းမတော်လမ်း၊ အမှတ်(၂)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **အင်းအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ**အား၂၀၁၀ ပြည့်နှစ်၊ ဇွန်လ ၁ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

အင်းအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ မှတ်ပုံတင်အမှတ်မှာ (၂၇) ဖြစ်ပါသည်။

အမိန့်အရ

(ပုံ) ဝင်းကို
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

နေပြည်တော် ဇွန် ၁

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၆၈/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ်(၆၈/၂၀၁၀)
၁၃၇၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်
(၂၀၁၀ ပြည့်နှစ်၊ ဇွန်လ ၁ ရက်)
ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ
Rakhine Nationalities Development Party (RNDP) အား
နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ လမ်းမတော်(တောင်)ရပ်ကွက်၊ ခေါင်းလောင်းကျောင်းလမ်း၊ အမှတ်(လမ/၄၁၄) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ Rakhine Nationalities Development Party (RNDP)** အား ၂၀၁၀ ပြည့်နှစ်၊ ဇွန်လ ၁ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ Rakhine Nationalities Development Party (RNDP) ၏ မှတ်ပုံတင်အမှတ်မှာ (၂၈) ဖြစ်ပါသည်။

အမိန့်အရ

(ပုံ) ဝင်းကို
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ထားသည်။ မီးလောင်နိုင်ခြင်းမရှိသည့် အပြင် လေပြင်းတိုက်မှုဒဏ်ကို ခံနိုင်ပြီး ရေတိုက်စားမှုမှ ရှောင်လွှဲနိုင်သော အထူးရွက်ဖျင်ကို အသုံးပြုကာ တည်ဆောက်ထားသည်။ ယင်းရွက်ဖျင်တဲ၏ သက်တမ်းမှာ ၂၅နှစ်အထိရှိကြောင်း သိရသည်။

အနာဂတ်ကာလတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းပညာသုံး အဆောက်အအုံများကို ကမ္ဘာတစ်လွှား၌ တည်ဆောက်လာကြပေမည်။ "မြို့ပြအကောင်းဆုံးလူနေမှုကျင့်စဉ်များ ကဏ္ဍ"တွင် စူကျိုး(တရုတ်)ပြခန်းဆောင်၊ ဗင်းနစ်(အီတလီ)ပြခန်းဆောင်၊ လီဗာပူး(အင်္ဂလန်)ပြခန်းဆောင်၊ ကိုင်ရို(အီဂျစ်)ပြခန်းဆောင်၊ ဟန်ကျိုး(တရုတ်)ပြခန်းဆောင်၊ မွန်ထရီယယ်(ကနေဒါ) ပြခန်းဆောင်၊ စော်ပိုလို(ဘရာဇီး) ပြခန်းဆောင်၊ ဆိုးလ်(တောင်ကိုရီးယား)ပြခန်းဆောင်စသည့် ပြခန်းဆောင်အသီးသီးကို တွေ့မြင်ခဲ့ရသည်။

တရုတ်နိုင်ငံသည် ကမ္ဘာ့မြို့ပြများ ထူထောင်မှုအရ ဦးဆောင်နိုင်ငံ ဖြစ်သည်။ ပညာရှင်များ၏ ခန့်မှန်းချက်အရ ၂၀၂၅-၂၀၃၀ခုနှစ် အရောက်တွင် ကမ္ဘာ့မြို့ကြီး ငါးမြို့လျှင် တစ်မြို့မှာ တရုတ်နိုင်ငံ၌ ရှိလာမည်ဟု သိရသည်။ လက်ရှိနှုန်းအတိုင်း ဆက်လက်ဖြစ်ပေါ်မည်ဆိုပါက ၂၀၂၅ခုနှစ်အရောက်တွင် တရုတ်နိုင်ငံ၌ လူဦးရေ တစ်သန်းကျော်အထက်ရှိ မြို့ကြီးပေါင်း ၂၂၁ မြို့ရှိလာမည်ဖြစ်သည်။ ဥရောပနှင့် နှိုင်းယှဉ်လျှင် ဥရောပနိုင်ငံများ၌ အလားတူမြို့ကြီးပေါင်း ၃၅ မြို့သာ ရှိမည်ဖြစ်သည်။

တရုတ်နိုင်ငံတွင် မြို့ပြများ ထူထောင်မှုလုပ်ငန်းစဉ်များ အရှိန်အဟုန်မြင့်မားလာရာ မြေယာအရင်းအမြစ်များ ရှားပါးလာမှု၊ သဘာဝပတ်ဝန်းကျင်ထိခိုက်လာမှုနှင့် လူမှုရေးအရ မညီမမျှဖြစ်မှုတို့မှ ရှောင်လွှဲနိုင်စေရန် အစိုးရက ပြင်ဆင်လျက်ရှိနေချိန်တွင် ရှန်ဟိုင်းကုန်စည်ပြပွဲ၌ "မြို့ပြအကောင်းဆုံးလူနေမှုကျင့်စဉ်များကဏ္ဍ"ကို ခင်းကျင်းပြသခြင်းဖြစ်သည်ဟု မြန်မာသတင်းအဖွဲ့က အလေးမူမိပါသည်။

မေ ၃၁ရက်က ရှန်ဟိုင်းကုန်စည်ပြပွဲတွင် တရုတ်နိုင်ငံ လျောင်နင်းပြည်နယ်မှ အနုပညာရှင်များ ဖျော်ဖြေတင်ဆက်ကပြကြစဉ်။

အိုက်စလန်ပြခန်းဆောင်တွင် ကြည့်ရှုလေ့လာရန် စောင့်ဆိုင်းနေကြသူများကို တွေ့ရစဉ်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂-၆-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈း၁၀ ၇။ "အား နာတယ်"
- ၈း၂၅ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၈း၃၀ ၉။ အတီးပြိုင်ပွဲ
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃း၃၀ ၁။ Myanmar National League MNL (2010) ဘောလုံးပြိုင်ပွဲထုတ်လွှင့်မှုအစီအစဉ် (Southern Mynamar F.C နှင့် ရန်ကုန်ယူနိုက်တက် F.C)
- ၅း၀၀ ၂။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (ရူပဗေဒ အထူးပြု) (ရူပဗေဒ)
- ၅း၁၅ ၃။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
- ၅း၂၅ ၄။ သီချင်းကြီးပဒေသာ
- ၅း၃၅ ၅။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၅း၄၅ ၆။ ရင်ခုန်စောင့်စားကမ္ဘာ့ဖလား (အုပ်စု-B)
- ၆း၀၀ ၇။ ညနေခင်းသတင်း
- ၆း၁၅ ၈။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၉။ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
- ၆း၃၅ ၁၀။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
- ၇း၀၅ ၁၁။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
- ၇း၃၅ ၁၂။ အလင်္ကာကျော်စွာမြို့မငြိမ်း နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် ဂုဏ်ပြုတေးအစီအစဉ်
- ၈း၀၀ ၁၃။ ပြည်တွင်းသတင်း
  - ၁၄။ နိုင်ငံတကာသတင်းများ
  - ၁၅။ မိုးလေဝသအခြေအနေ
  - ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်တေးသံသာ" (အပိုင်း-၄၇)**
  - ၁၇။ **မြန်မာဗီဒီယိုဇာတ်လမ်း "ဆူးနှစ်နှလုံးသား" (လွင်မိုး၊နန္ဒာလှိုင်) (ဒါရိုက်တာ-ကိုဇော်-အရုဏ်ဦး)**
  - ၁၈။ အစီအစဉ်ပြီး၏။

ဥတုရာသီ တောကိုမှီ၏

ယာဉ်မောင်းသူများ လိုက်နာရန် သတိပေးနှိုးဆော်ချက်

(က) မိုးရွာစဉ် ယာဉ်မောင်းလျှင် အောက်ပါအချက်အလက်များသတိပြုပါ-

(၁) လမ်းပေါ်တွင် စက်ဆီ၊ ချောဆီများ ဖိတ်စဉ်နေလျှင် လမ်းချော်နိုင်သည်။
(၂) မော်တော်ယာဉ်ဘီးများ ပန်းမရှိလျှင် လမ်းချော်နိုင်သည်။
(၃) မော်တော်ယာဉ်ဘီးများ လေပေါင်ချိန်များလွန်းလျှင် လမ်းချော်နိုင်သည်။
(၄) လမ်းပေါ်တွင် ရွှံ့နွံများရှိလျှင် လမ်းချော်နိုင်သည်။
(၅) အရှိန်ပြင်းစွာ မမောင်းပါနှင့်။
(၆) ဘရိတ်ကို ရုတ်တရက် မနင်းပါနှင့်။
(၇) ကုန်တင်ယာဉ်များ ဟန်ချက်ညီမျှရန် ဂရုပြုပါ။
(၈) ရေသုတ်တံပါရှိရမည်။ ကောင်းမွန်ရမည်။
(၉) မိုးသည်းထန်စွာရွာသွန်း၍ မြင်ကွင်းမကောင်းလျှင် ရှေ့မီးကြီးကို ဖွင့်မောင်းပါ။
(၁၀) မြေသယ်ယာဉ်၊ အုတ်၊ သဲ၊ ကျောက်သယ်ယာဉ်များ ဖိတ်စဉ်မှုမရှိစေရန် လုံခြုံစွာတင်ဆောင်ပါ။

(ခ) အထက်ပါ စည်းကမ်းချက်များအား မလိုက်နာ၍ ယာဉ်တိုက်မှု၊ယာဉ်တိမ်းမှောက်မှုများ ဖြစ်ပွားပါက ထိရောက်စွာ အရေးယူခြင်းခံရမည်။

ရန်ကုန်တိုင်းယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ကလေးကျန်းမာရေးဖွံ့ဖြိုးမှု (၅)နှစ်တာ မဟာဗျူဟာစီမံကိန်း ၂၀၁၀-၂၀၁၄ အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲနှင့် ဆွေးနွေးပွဲကျင်းပ

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ကလေးကျန်းမာရေးဖွံ့ဖြိုးမှု (၅)နှစ်တာ မဟာဗျူဟာစီမံကိန်း ၂၀၁၀-၂၀၁၄ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၁

ကျန်းမာရေးဝန်ကြီးဌာန ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် ကလေးကျန်းမာရေးဖွံ့ဖြိုးမှု (၅)နှစ်တာ မဟာဗျူဟာစီမံကိန်း ၂၀၁၀-၂၀၁၄ အလုပ်ရုံဆွေးနွေးပွဲ (Disseminution Workshop on National Five Year Strategic Plan for Child Health Development 2010-2014 ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဥတ္တရသီရိမြို့ရှိ Mount Pleasant Hotel ဥတ္တရသီရိခန်းမ၌ ကျင်းပရာ သဘာပတိ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမြဦး၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ သားဖွားနှင့် မီးယပ်ပညာဌာန၊ ကလေးရောဂါပညာဌာနနှင့် ဆေးတက္ကသိုလ်များမှ ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာနတို့မှ ပါမောက္ခ/ဌာနမှူးများ၊ ပြည်နယ်နှင့်တိုင်း ကျန်းမာရေးဦးစီးဌာနမှူးများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ဌာနေကိုယ်စားလှယ်ရုံးမှ အကြံပေးပုဂ္ဂိုလ် Dr. Neena Raina၊ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ်ရုံးမှ ကျန်းမာရေးနှင့် အာဟာရဌာန တာဝန်ခံ Professor Osamu Kunii၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့မှ ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သဘာပတိ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကား ပြောကြားရာတွင် ယခုအလုပ်ရုံဆွေးနွေးပွဲသည် မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော ကလေးကျန်းမာရေး ဖွံ့ဖြိုးရေးနှင့်စပ်လျဉ်း၍ သမိုင်းမှတ်တိုင် တစ်ခုဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် ကျန်းမာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် (၅)နှစ်တာ မဟာဗျူဟာစီမံကိန်းများကို ချမှတ်လျက် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ၁၉၉၀ ခုနှစ်မှ စတင်၍ အသက်ငါးနှစ်အောက် ကလေးသေဆုံးမှုနှုန်းသည် သိသိသာသာကျဆင်းလျက်ရှိသော်လည်း ထောင်စုနှစ်ဖွံ့ဖြိုးမှု ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ပိုမိုအားထုတ်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ကမ္ဘာတစ်ဝန်း အသက်ငါးနှစ်အောက် ကလေးသေဆုံးမှု၏ သုံးပုံနှစ်ပုံသည် မွေးကင်းစကလေးဖြစ်သောကြောင့် မွေးကင်းစကလေး ကျန်းမာရေး စောင့်ရှောက်မှုကို ပိုမိုအားစိုက် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မွေးကင်းစကလေး သေဆုံးမှုကျဆင်းရေးအတွက် မွေးပြီးနှစ်ရက်အတွင်း အိမ်တိုင်ရာရောက် မွေးကင်းစကလေး ကျန်းမာရေး စောင့်ရှောက်မှုကို ဆောင်ရွက်ရန်လိုကြောင်း၊ ယခုရေးဆွဲသည့် ၂၀၁၀-၂၀၁၄ ကလေးကျန်းမာဖွံ့ဖြိုးရေး (၅)နှစ်တာ မဟာဗျူဟာစီမံကိန်း ဖော်ပြပါရှိသော အိမ်တိုင်ရာရောက် မွေးကင်းစကလေးကျန်းမာရေး စောင့်ရှောက်မှုအပါအဝင် အခြေခံမွေးကင်းစကလေး စောင့်ရှောက်မှု၊ ငါးနှစ်အောက် ကလေးသေဆုံးရသည့် အကြောင်းအရာများအနက် အဓိကအကြောင်းအရင်းဖြစ်သော နမိုးနီးယား၊ ဝမ်းပျက်ဝမ်းလျှောများကို ပြုစုကုသခြင်း၊ အသက်ငါးနှစ်အောက်ကလေးသေဆုံးခြင်း ကျဆင်းရေးတွင် အရေးပါသည့် မိသားစုနှင့် ပြည်သူလူထုအတွင်း လိုက်နာကျင့်သုံးသင့်သော ကျန်းမာရေး အလေ့အထကောင်းများကို ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် လိုက်နာကျင့်သုံးစေရေးတို့ကို ဦးစားပေးလုပ်ငန်းရပ်အဖြစ် ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ကလေးကျန်းမာဖွံ့ဖြိုးရေး (၅)နှစ်တာ မဟာဗျူဟာစီမံကိန်း ၂၀၁၀-၂၀၁၄တွင် ဖော်ပြပါရှိသည့် ရည်မှန်းချက်၊ ဦးတည်ချက်တို့ကို ပြည့်မီရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန် ဖြစ်ကြောင်းနှင့် ကလေးကျန်းမာဖွံ့ဖြိုးရေးကို ဆောင်ရွက်လျက်ရှိသော ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများအပါအဝင် ကလေးကျန်းမာရေးဖွံ့ဖြိုးရေး (၅)နှစ်တာ မဟာဗျူဟာစီမံကိန်း ၂၀၁၀-၂၀၁၄အား လိုက်နာဆောင်ရွက်ရန်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ဌာနေကိုယ်စားလှယ်ရုံးမှ အကြံပေးပုဂ္ဂိုလ် Dr. Neena Raina နှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ်ရုံးမှ ကျန်းမာရေးနှင့် အာဟာရဌာန တာဝန်ခံ Professor Osamu Kunii တို့က အမှာစကားပြောကြားကြပြီး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဆွေးနွေးပွဲကို နံနက် ၁၀ နာရီတွင် Mount Pleasant Hotel ဇမ္ဗူသီရိခန်းမ၌ ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက ဆောင်ရွက်ပြီး အမှာစကားပြောကြားသည်။

ယင်းနောက် ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာ) ဒေါက်တာသိန်းသိန်းဌေးက Process of Development of National Five Year Stratgic Plan for Child Health Development ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး (ပြည်သူ့ကျန်းမာ) ဒေါက်တာတင်ဝင်းကျော်က What are the Rew for National Child Health Strategic Plan 2010-2014 ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး (အမျိုးသမီးနှင့်ကလေး ကျန်းမာရေး ဖွံ့ဖြိုးရေးဌာနစိတ်) ဒေါက်တာမြင့်မြင့်သန်းက Five Year Strategic Plan for Child Health Development 2010-2014 ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ထို့နောက် သဘာပတိ ဒုတိယဝန်ကြီး ဒေါက်တာမြဦးက နိဂုံးချုပ် အမှာစကား ပြောကြားပြီး မွန်းလွဲပိုင်းတွင် ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့မှစ၍ ဇွန် ၂ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပြည်မြို့၌ ကမ္ဘာ့ကြက်ခြေနီနေ့အခမ်းအနား ကျင်းပ

ပြည် ဇွန် ၁

ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် အခမ်းအနားနှင့် ဆုချီးမြှင့်ပွဲကို မေ ၈ရက် နံနက် ၈နာရီက ပြည်မြို့ တိုင်းကျန်းမာရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့် တက်ရောက် အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာသာလှရွှေထံမှ ပေးပို့သော သဝဏ်လွှာကို တိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာနေမျိုးဘုန်းက ဖတ်ကြားသည်။ ဆက်လက်၍ ကြက်ခြေနီသင်တန်းများ ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ထူးချွန်စွာဆောင်ရွက်ခဲ့ကြသောပုဂ္ဂိုလ်များနှင့် မြို့နယ်အသင်းများအား တိုင်းဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများချီးမြှင့်သည်။ **(အပေါ်ပုံ)** အခမ်းအနားသို့ ပဲခူးတိုင်း (အနောက်ပိုင်း)အတွင်းရှိ မြို့နယ်ကြက်ခြေနီအသင်း အမှုဆောင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ အင်အား ၃၀၀ ကျော်တက်ရောက်ကြသည်။

(တိုင်းပြန်/ဆက်)



လပွတ္တာတွင် သောက်ရေကန် တူးဖော်

ရန်ကုန် ဇွန် ၁

လပွတ္တာမြို့ပေါ်နှင့် အနီးအနားပတ်ဝန်းကျင်ကျေးရွာများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိစေရေးအတွက် အမှတ်(၇)ရပ်ကွက်ရှိ သိကြားဘုရားရေကန် ၁၇ ကန်အား ပြန်လည်တူးဖော်ခြင်းလုပ်ငန်းကို စည်ပင်သာယာရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဖြိုးကျော်နှင့် တာဝန်ခံအင်ဂျင်နီယာများ ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။ **(အပေါ်ပုံ)** (မြို့နယ်စည်ပင်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂-၆-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

AM & PM

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅:၁၅	MRTV-4 သတင်း
၆:၀၀	"အကုသိုလ်တစ်သက် ဖြစ်ပျက်တစ်ချက်" တရားတော် (ပြည်တွင်းပြည်ပသာသနာပြု ရွှေမန်းဦးသူရိယ)
၆:၅၀	ထူးမြတ်ပူဇော်ပန်းပေါင်းစုံ ဗုဒ္ဓရုပ်ပွားတော်
၇:၀၀	MRTV-4 သတင်း
၇:၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့ အချစ်" (အပိုင်း-၄)**
၈:၃၀	Sports World [Contender (Germany)]
၈:၅၅	Activities In the City (Follow Me & Secret အလှကုန်များ၏ ရွှေမဟာကံထူးရှင်များအား ဆုချီးမြှင့်ပွဲအခမ်းအနား)
၉:၀၅	စုပေါင်းညီညာအောင်ကြောင်းဖြာ
၉:၂၀	လူမှုစီးပွားမြင့်မားဖို့ကျေးရွာစာကြည့်တိုက်အတွင်းစာဖတ်စို့
၉:၂၅	အားကစားမြင်ကွင်းစုံ
၁၀:၂၀	စကားဝါမြေ၏အိုအေစစ် (Popa Mountain Resort)
၁၀:၄၀	ရန်ကုန်မြင်ကွင်းကျယ် (စေတနာရှင်များသို့)
၁၁:၁၀	Industrial Talk [ဒေါက်တာမျိုးသန့်တင်၊ ဒေါက်တာတင်အောင်ရွှေ (သုတေသီ)]
၁၁:၄၅	ခါတ်ပုံထဲမှ အမှတ်တရများ (ခွန်းဆင့်နေခြည်)
၁၂:၀၀	ဒွါရာဝတီ၏အနုပညာ . . . ဝါးရက်ကန်းလက်ရာ
၁၂:၂၅	Activities In The City အလိုတော်ပြည့်အာယုဒီဃ သံဃာ့ဆေးရုံကျောင်းဆောင် ပန္နက်တင်မင်္ဂလာ အခမ်းအနား - ပန်းတောင်းမြို့နယ်အသင်း (ရန်ကုန်)၏သက်ကြီးပူဇော်ပွဲ၊ ဆုပေးပွဲနှင့် နှစ်ပတ်လည်စည်းဝေးပွဲ
၁:၀၀	"အကုသိုလ်တစ်သက် ဖြစ်ပျက်တစ်ချက်" တရားတော် (ပြည်တွင်းပြည်ပသာသနာပြု ရွှေမန်းဦးသူရိယ)
၂:၀၀	MRTV-4 သတင်း
၂:၄၅	စကားနပန်း (တောသူယူတာကောင်းတယ်၊ မြို့သူယူတာကောင်းတယ်)
၃:၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့ အချစ်" (အပိုင်း-၄)**
၄:၀၀	ဆီးချိုကြောင့်ဖြစ်သော ကျောက်ကပ်ရောဂါကိုကာကွယ်တားဆီးခြင်း (ပါမောက္ခဒေါက်တာစောနောင်)
၄:၃၅	ဗီဒီယိုပြခန်း
၄:၅၅	လှပဆန်းကြယ် မြန်မာ့ရွှေချည်ထည်
၅:၀၅	Activities In the City (Follow Me & Secret အလှကုန်များ၏ ရွှေမဟာကံထူးရှင်များအား ဆုချီးမြှင့်ပွဲအခမ်းအနား)
၅:၂၀	စုပေါင်းညီညာအောင်ကြောင်းဖြာ
၅:၃၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၆:၀၀	MRTV-4 သတင်း
၆:၂၀	ခါတ်ပုံထဲမှ အမှတ်တရများ (ခွန်းဆင့်နေခြည်)
၆:၄၅	ရန်ကုန်မြင်ကွင်းကျယ် (စေတနာရှင်များသို့)
၇:၁၀	နေထိုင်မှုဝင့်ကြွား အဆင့်မြင့်အိမ်ရာစီမံကိန်းများ (Royal Rose နှင့် တက်တိုးနုယဉ်ကွန်ဒို)
၇:၃၀	Milestones of Contemporary Music Selection
၈:၀၀	MRTV-4 သတင်း
၈:၃၀	စကားနပန်း (တောသူယူတာကောင်းတယ်၊ မြို့သူယူတာကောင်းတယ်)
၉:၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့ အချစ်" (အပိုင်း-၄)**
၁၀:၀၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀:၂၅	ဗီဒီယိုပြခန်း
၁၀:၄၀	Milestones of Contemporary Music Selection
၁၁:၀၀	Industrial Talk
၁၁:၃၀	ဖွားချို (စံရှားတင်၊ ဝါးခယ်မရဲမောင်) (ဒါရိုက်တာ-ဦးခင်ဇော်)
၁၁:၄၅	Activities In The City အလိုတော်ပြည့်အာယုဒီဃ သံဃာ့ဆေးရုံကျောင်းဆောင် ပန္နက်တင်မင်္ဂလာ အခမ်းအနား
၁၂:၀၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁:၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် ဇွန် ၁

ယခုတစ်ပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၆)၊ အမှတ်(၂၁) တွင် "Political Times "အထူးအချပ်ပိုအပါအဝင် မင်္ဂလာဈေးနောက်ဆက်တွဲ ဘယ်လိုဖြေရှင်းမလဲ အထူးသတင်းနှင့် နိုင်ငံတကာကျောင်းများ ရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်အကိုင် အခွင့်အလမ်းများ မျက်နှာဖုံးသုံးသပ်ဆောင်းပါး၊ ပြည်တွင်းနိုင်ငံရေးသတင်းများ ဝေဝေဆာဆာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိလာပြီဖြစ်သည်။

ယင်းအပြင် ဆရာဦးကိုကိုလှိုင်ရေးသားသည့် "ဝိမုတ္တိခေတ်နိုင်ငံရေး"၊ ဆရာမောင်သာနုရေးသားသည့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲနှင့် မြန်မာ့နိုင်ငံရေးသမားများ၊ ချင်းတိုးတက်ရေးပါတီမှ ပြောရေးဆိုခွင့်ရှိသူ ဒုတိယဥက္ကဋ္ဌ ဦးနိုထန်ကပ်နှင့် တွေ့ဆုံခြင်းစသည့် နိုင်ငံရေးသုံးသပ်ဆောင်းပါးများ "မီးတောက်နေတဲ့ တကယ့်မီးညွှန့်ကို ရေမရောက်လို့ မြန်မြန်မငြိမ်းနိုင်ခဲ့တာဖြစ်ပါတယ်၊ ဆိုင်ခန်းတွေက အလူမီနီယံယင်းလိပ်တွေနဲ့ ပိတ်ထားတာလေ" မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ညွှန်ကြားရေးမှူး ရဲကျော်စွာအောင်ကျော်မြင့်နှင့် တွေ့ဆုံခြင်း၊ ပုဂ္ဂလိကစက်သုံးဆီဆိုင်များတွင် ရောင်းချမည့် ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်း ကျပ် ၃၀၀၀ ဝန်းကျင်ဖြစ်ဖွယ်ရှိ၊ ဥရောပစံနှုန်းမီ အရည်အသွေးမြင့် ကားများထုတ်ရန် အာဆီယံနိုင်ငံများနှင့် မြန်မာပူးပေါင်းဆောင်ရွက်မည်၊ မီးဘေးသင့် မင်္ဂလာဈေးဆိုင်ခန်းရှင်များကို ပုဂ္ဂလိကဘဏ်များက ငွေထုတ်ချေးမည်၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းတွေကို စိတ်ဝင်စားအောင် မည်သို့ပြုလုပ်ရမည်နည်း၊ ကိုရီးယားခရီးသွားဆောင်းပါး၊ "နိုင်ငံရေးပါတီများ ပြည်သူတို့နှင့် တစ်သားတည်းကျဖို့ ဘာတွေလုပ်ဖို့လိုသလဲ" Yangon Forum ကဏ္ဍသစ်၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ "ကျောင်းဖွင့်ချိန်"၊ "သားတွေ၊ သမီးတွေရှိလာတော့ အလုပ်တွေကို နားနားနေနေပဲလုပ်တော့တယ်" အကယ်ဒမီလူမင်းနှင့် လိုတိုဗျူးစသည့် ဖျော်ဖြေရေးကဏ္ဍအပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

မြောက်ကိုရီးယားကို ဆန့်ကျင်ရာတွင် တရုတ်ပါဝင်ရန် ဟီလာရီတိုက်တွန်း၊ သဘော်နှစ်စင်းတိုက်မိ၍ ရေနံယိုဖိတ်မှုကြောင့် ချန်ဂီကမ်းရိုးတန်းရှိ ငါးမွေးကန်များ အသည်းအသန်ကာကွယ်ရန် ကြိုးပမ်းနေရ၊ မိခင်ဖြစ်သူက ကလေးငယ်နှစ်ဦးကို သတ်မှု စပိန်တွင်ဖြစ်ပွား မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ နိုင်ငံတကာဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။ (သတင်းစဉ်)

နိုင်ငံတကာ အားကစားသတင်း

လက်ရှိချန်ပီယံ အီတလီပါဝင်သည့် ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု (F)

ဝင်းတင် (ကြေးမုံ)
အဆင်အပြင် - ခိုင်သန္တာရွှေ

ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ အုပ်စု (F) မှာ လက်ရှိချန်ပီယံ အီတလီ၊ ပါရာဂွေး၊ နယူးဇီလန်နဲ့ မျက်နှာသစ် ဆလိုဗက်ကီးယားတို့ ပါဝင်နေပါတယ်။ ဒီအုပ်စုရဲ့ ပွဲစဉ်တွေကို ဇွန် ၁၄ ရက်မှာ စတင်ယှဉ်ပြိုင်ကစားကြမှာ ဖြစ်ပါတယ်။

အီတလီ

အီတလီဟာ လက်ရှိ ကမ္ဘာ့ဖလားချန်ပီယံဖြစ်ပြီး ကမ္ဘာ့အဆင့်ရပ်တည်မှုက အဆင့်(၅)မှာပါ။ အီတလီအသင်းဟာ ကမ္ဘာ့ဖလားပြိုင်ပွဲကို (၁၆)ကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာမှာ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့တဲ့ ၁၉၃၄ ကမ္ဘာ့ဖလားပြိုင်ပွဲ၊ ပြင်သစ်မှာကျင်းပခဲ့တဲ့ ၁၉၃၈ ကမ္ဘာ့ဖလား၊ စပိန်မှာကျင်းပခဲ့တဲ့ ၁၉၈၂ ကမ္ဘာ့ဖလားနဲ့ ဂျာမနီမှာကျင်းပခဲ့တဲ့ ၂၀၀၆ ကမ္ဘာ့ဖလားပြိုင်ပွဲတို့မှာ ချန်ပီယံဖြစ်ထားပါတယ်။ ဒါကြောင့် ကမ္ဘာ့ဖလားချန်ပီယံ လေးကြိမ်ဖြစ်ထားတဲ့ အီတလီအသင်းဟာ ဘရာဇီးပြီးရင် ဒုတိယ အအောင်မြင်ဆုံး အသင်းပါ။ ဒီနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲဝင် အီတလီအသင်းမှာ ဝါရင့်၊ သမ္ဘာရင့် ကစားသမားတွေ နည်းပြီး လူသစ်အများစုနဲ့ စုဖွဲ့ထားတာကို တွေ့ရပါတယ်။ ဒါပေမယ့် ဘတ်ဖွန်၊ ကင်နာဗာရို၊ ကာဆာနီ၊ ဇမ်ဘရော့တာ၊ ဒီရော့စီ၊ ဂတ်တူဆို၊ ပီယာလို၊ ဂီလာဒီနိုနဲ့ ရော့စီတို့လို ကစားသမားကောင်းတွေ ရှိနေသေးတာကြောင့် အုပ်စုကို သက်သောင့်သက်သာနဲ့ပဲ ကျော်ဖြတ်နိုင်ဖို့ရှိနေပါတယ်။

အီတလီအသင်းအတွက်အဓိက အားထားရသည့် ကစားသမား ရော့စီ။

ပါရာဂွေး

ကမ္ဘာ့အဆင့်သတ်မှတ်ချက် (၃၀)က ပါရာဂွေးဟာ ကမ္ဘာ့ဖလားပြိုင်ပွဲကို ခုနစ်ကြိမ် ဝင်ရောက်ယှဉ်ပြိုင် ထားဖူးတာကြောင့် အတွေ့အကြုံရင့်ကျက်တဲ့ အသင်းလို့ဆိုရမှာပါ။ ပါရာဂွေးအသင်းဟာ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အောင်မြင်မှု ကြီးကြီးမားမား မရှိခဲ့ပေမယ့် ဘင်နီတက်ဇ်၊ ပေါ်လိုဒီဆေးဗား၊ မိုရယ်ရိုဒရီဂွက်ဇ်၊ ကားလို့စ်ဘွန်နက်၊ ဂျူလီယိုဒေ့ါဆန်းတို့စ်၊ ဂျိုနသန်ဆန်တနာ၊ အင်္ဂါဘင်နီတက်ဇ်၊ ဒင်တီလိုပက်ဇ်နဲ့ ဆန်တာခရုဇ်တို့လို အဆင့်အတန်းမီ ကစားသမားကောင်းတွေ ရှိနေတာကြောင့် အီတလီနောက်ကနေ အုပ်စုဒုတိယနဲ့ နောက်တစ်ဆင့်တက်သွားမှာပါ။

နယူးဇီလန်

ကမ္ဘာ့ဖလားပြိုင်ပွဲကို ၁၉၈၂ခုနှစ်က တစ်ကြိမ်သာဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးတဲ့ နယူးဇီလန်ရဲ့ ကမ္ဘာ့အဆင့်ရပ်တည်မှုက (၇၈)မှာပါ။ နယူးဇီလန်အသင်းမှာ ကမ္ဘာ့ကျော်ကစားသမားတွေ မရှိတဲ့အပြင် သာမန်ခြေစွမ်းထက်မပိုတဲ့ ပြည်တွင်းကလပ်များက ကစားသမားအများစုနဲ့ ဖွဲ့စည်းထားတာကြောင့် အတွေ့အကြုံနုနယ်လှတဲ့ နယူးဇီလန်ဟာ အုပ်စုကနေ လှည့်ပြန်ရမှာပါ။

ဆလိုဗက်ကီးယား

ကမ္ဘာ့အဆင့်သတ်မှတ်ချက် ၃၈က ဆလိုဗက်ကီးယားအသင်းဟာ ကမ္ဘာ့ဖလားကို ပထမဦးဆုံး ဝင်ရောက် ယှဉ်ပြိုင်ခွင့်ရရှိခြင်းပဲဖြစ်ပါတယ်။ ဆလိုဗက်ကီးယားကစားသမားများဟာ ကြိုးစားအားထုတ်မှုကောင်းပြီး စိတ်ဓာတ်ကောင်းကောင်းနဲ့ ယှဉ်ပြိုင်လာမှာ ဖြစ်ပေမယ့် အီတလီနဲ့ ပါရာဂွေးတို့ကို ကျော်ဖြတ်ပြီး အုပ်စုကတက်ဖို့ဆိုတာ မဖြစ်နိုင်တဲ့ အနေအထားပါ။ မျက်နှာသစ် ဆလိုဗက်ကီးယားဟာဒီအုပ်စုရဲ့ အဖြည့်ခံသက်သက်ပဲ ဖြစ်လာလိမ့်မယ်လို့ ဆိုချင်ပါတယ်။

ပါရာဂွေးအသင်းတွင် ခြေစွမ်းပြလာမည့် တိုက်စစ်မှူး ဆန်တာခရုဇ်။

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ရာဇသင်္ဂဟလမ်းနှင့် 'စီ'လမ်းထောင့်၊ မြေကွက်အမှတ်(၅)တွင် ပါတီရုံးချုပ်တည်ရှိသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁-၆-၂၀၁၀ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းကအသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများ ၁၄(ဃ)အရ အများသိစေရန်ကြေညာအပ်ပါသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၏ အလံပုံစံ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၏ တံဆိပ်ပုံစံ



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

စာအုပ်စာပေ လူ့မိတ်ဆွေ

မြန်မာလူငယ်ရေကူးအဖွဲ့ ဖိလစ်ပိုင်သို့ ထွက်ခွာ

ရန်ကုန် ဇွန် ၁

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ဇွန် ၂ ရက်မှ ၅ ရက်အထိကျင်းပမည့် (၃၄) ကြိမ်မြောက် အရှေ့တောင်အာရှ သက်တန်းအလိုက် ရေကူးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာလူငယ် ရေကူးအဖွဲ့သည် ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာသွားရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ အထွေထွေအတွင်းရေးမှူး (ဒုတိယညွှန်ကြားရေးမှူး အား/ကာ)ဦးကျော်ဦး၊ နှင့်အမှုဆောင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

ပါဝင်

မြန်မာလူငယ်ရေကူးအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် အမှုဆောင် ဦးထွန်းထွန်းဦး (အုပ်ချုပ်မှုဒါရိုက်တာ T.T.O Trading Co.,Ltd.၊ အုပ်ချုပ်သူအဖြစ် ဦးချိုမောင်၊ နည်းစနစ်အကြံပေးအဖြစ် ဦးသန်းကျော်ညွန့်(ညွှန်ကြားရေးမှူး၊ အား/ကာ)၊ နည်းပြအဖြစ် ဦးငွေလှမိုး၊ လက်ထောက်နည်းပြများအဖြစ် ဦးကျော်မော်ဦးနှင့် ဒေါ်ခင်ပြည့်စုံမြင့်၊ အားကစားသမားများအဖြစ် အသက်(၁၇)နှစ်အောက် ဇင်မောင်ထက်၊ အောင်ဇော်ဖြိုး၊ အိအိသက်၊ အသက်(၁၄)နှစ်အောက် တင်ကျော်လင်းနှင့် စောကျော်ဝင်း၊ အသက်(၁၂)နှစ်အောက် မင်းသုခ၊ သစ်ဟိန်း၊ ကောင်းထက်ဇော်၊ သန်းထွန်းအောင်၊ နန်းခင်ဝင်း၊ နန်းခမ်းမြတ်ခြူး၊ ကေဇင်ဝင်းနှင့် ဂျူလိုင်ထွန်းတို့ပါဝင်ကြသည်။

လေ့လာခွင့်ရ

မြန်မာလူငယ်ရေကူးအဖွဲ့သည် အဆိုပါပြိုင်ပွဲကို ယှဉ်ပြိုင်ခြင်းဖြင့် နောက်ဆုံးပေါ် ရေကူးနည်းစနစ်များ၊ ဥပဒေများနှင့်(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင်မည့် ပြိုင်ဘက်နိုင်ငံများ၏ လက်ရည်ကို အနီးကပ်လေ့လာခွင့်ရရှိမည်ဖြစ်ပြီး ယခုပြိုင်ပွဲတွင် အောင်မြင်မှု ဆုတံဆိပ်များရရှိရန်နှင့် အတွေ့အကြုံများရရှိရန် ပါဝင်ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်းသိရသည်။ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်သည် မြန်မာ့ရေကူးအားကစားတိုးတက်မြင့်မားလာစေရန် ဆောင်ရွက်လျက်ရှိပြီး ၂၀၁၁ခုနှစ်နှင့် ၂၀၁၃ ခုနှစ် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတို့တွင် အောင်မြင်မှုရရှိရန် ရည်ရွယ်၍ ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။

(ကြေးမုံ)

ချိုပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ ရုံးသုံးစာရေးကိရိယာများ၊ ရုံးသုံးကရဖပုံစံနှင့် ပြေစာစာအုပ်များ၊ မိတ္တူကူးဆေးနှင့် ပရင်တာသုံးဆေးဘူးများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိုပ်ပိတ်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ ချိုပ်ပိတ်တင်ဒါများကို ၂၀၁၀ ခုနှစ်၊ ဇွန်လ ၁၈ရက်(သောကြာနေ့) ၁၆း၀၀နာရီနောက်ဆုံးထား တင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို အောက်ဖော်ပြပါလိပ်စာအတိုင်း ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းအမှတ်-၀၆၇-၄၀၅၃၅၈သို့လည်းကောင်း စုံစမ်းနိုင်ပါသည်။

ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ရုံးအမှတ်-၂၉။နေပြည်တော်

ချိုပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ ရုံးသုံးစာရေးကိရိယာများ(အဲယားကွန်း၊ မိတ္တူကူးစက်၊ ဂဏန်းတွက်စက်)၊ ကွန်ပျူတာပစ္စည်းများ (ကွန်ပျူတာ၊ ပရင်တာ၊ စကင်နာ၊ ယူပီအက်စ်၊ လက်တော့ပ်၊ ကွန်ပျူတာ စားပွဲ) ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိုပ်ပိတ်တင်ဒါများ တင်သွင်းကြပါရန် ဖိတ်ခေါ်ပါသည်။

၂။ ချိုပ်ပိတ်တင်ဒါများကို ၂၀၁၀ခုနှစ်၊ ဇွန်လ ၁၈ရက်(သောကြာနေ့) ၁၆း၀၀နာရီနောက်ဆုံးထား တင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို အောက်ဖော်ပြပါလိပ်စာအတိုင်း ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းအမှတ်-၀၆၇-၄၀၅၃၅၈သို့လည်းကောင်း စုံစမ်းနိုင်ပါသည်။

ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ရုံးအမှတ်-၂၉။နေပြည်တော်

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
မန္တလေးကွန်ပျူတာတက္ကသိုလ်
ပါရဂူဘွဲ့သင်တန်းသား/သူများခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ မန္တလေးကွန်ပျူတာတက္ကသိုလ်တွင် ကွန်ပျူတာပါရဂူဘွဲ့ (Ph.D-IT) သင်တန်း ဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ အထက်ပါ ပါရဂူဘွဲ့သင်တန်းသည် အချိန်ပြည့်သင်တန်းဖြစ်ပြီး ပါရဂူဘွဲ့အကြိုသင်တန်း(၁) နှစ်နှင့် သုတေသန ကျမ်းပြု(၂)နှစ်၊ စုစုပေါင်း(၃)နှစ် သင်တန်းဖြစ်ပါသည်။ ပါရဂူဘွဲ့အကြိုသင်တန်းဖြေဆိုအောင်မြင်ပြီးသူများကိုသာလျှင် ပါရဂူဘွဲ့သုတေသန ဆက်လက်လုပ်ခွင့်ပြုမည်ဖြစ်ပါသည်။

၃။ လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့်ပြည့်စုံကြောင်း အထောက်အထားမူရင်းနှင့် မိတ္တူများကိုတင်ပြရမည်-

(က) လျှောက်ထားသူနှင့်၎င်း၏မိဘနှစ်ပါး၊ သုံးဦးစလုံးသည် မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ပါရဂူဘွဲ့သင်တန်းသားများအတွက် မဟာကွန်ပျူတာဘွဲ့ M.C.Sc.,M.C.Tech., M.I.Sc.,M.A.Sc. ဘွဲ့တစ်ခုခုရရှိထားသူဖြစ်ရမည်။ ဖော်ပြပါသင်တန်းအတွက် **သင်တန်းစတင်ဖွင့်လှစ်မည့်နေ့ ၃၀-၆-၂၀၁၀ ရက်တွင် အသက်(၃၅) နှစ်ထက်မကျော်သူဖြစ်ရမည်။** အသက်ကန့်သတ်ချက်အတွက် (၁၀)တန်းအောင်လက်မှတ်တင်ပြရမည်။

(ဂ) ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဌာန၏ခွင့်ပြုချက်ဖြင့်လျှောက်ထားရမည်။

(ဃ) သင်တန်းတက်ရောက်မည့်ကျောင်းသား၊ ကျောင်းသူများသည် ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်အဆင့်ဆေးရုံမှ ဆရာဝန်၏ထောက်ခံချက် လက်မှတ်တင်ပြနိုင်ရမည်။

၄။ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံစာအတွက် သက်ဆိုင်ရာရပ်ကွက်၊ ရဲစခန်းထောက်ခံစာများ ယူဆောင်လာရမည်။

၅။ လျှောက်ထားသူများအားဝင်ခွင့်ရေးဖြေစာမေးပွဲကို အောက်ပါအတိုင်းစစ်ဆေးမည်ဖြစ်သည်။

နေ့ရက်	ဘာသာရပ်	အချိန်	နေရာ
၁၉-၆-၂၀၁၀	အင်္ဂလိပ်စာ	(၉း၀၀)နာရီမှ(၁၂း၀၀)နာရီ	မန္တလေးကွန်ပျူတာတက္ကသိုလ်
(စနေနေ့)	ဘာသာရပ်	(၁၃း၀၀)နာရီမှ(၁၆း၀၀)နာရီ	မန္တလေးကွန်ပျူတာတက္ကသိုလ်

၆။ ရေးဖြေစာမေးပွဲအောင်မြင်သူများအား ၂၄-၆-၂၀၁၀ ရက် (ကြာသပတေးနေ့)မှစ၍ မန္တလေးကွန်ပျူတာတက္ကသိုလ်တွင် လူတွေ့စစ်ဆေးမည်ဖြစ်ပါသည်။

၇။ ပါရဂူဘွဲ့အကြိုသင်တန်းများကို ၃၀-၆-၂၀၁၀ ရက် (ဗုဒ္ဓဟူးနေ့)တွင် စတင်ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

၈။ လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် မန္တလေးကွန်ပျူတာတက္ကသိုလ်တွင် ၁၇-၆-၂၀၁၀ ရက် (ကြာသပတေးနေ့) ညနေ (၄း၀၀)နာရီနောက်ဆုံးထား၍လျှောက်ထားရမည်။

၉။ အခြားသိလိုပါက မန္တလေးကွန်ပျူတာတက္ကသိုလ် ဖုန်းနံပါတ်-၀၂-၅၇၀၅၁၊ ၀၂-၅၇၀၅၃၊ ၀၉-၆၅၀၂၂၁၅ များသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

တစ်ကမ္ဘာလုံး ပါဝင်ဆင်နွှဲ ရှန်ဟိုင်းကုန်စည်ပြပွဲ(၄)

မြန်မာ သတင်း အဖွဲ့ ကွင်းဆင်း တင်ပြ သည်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့၌ ကျင်းပလျက်ရှိသော ၂၀၁၀ ခုနှစ် ကမ္ဘာ့ကုန်စည်ပြပွဲသည် ကမ္ဘာ့နိုင်ငံများ၏ သိပ္ပံနှင့်နည်းပညာဆိုင်ရာ နောက်ဆုံးအောင်မြင်မှုများနှင့် စီးပွားရေးဆိုင်ရာ နောက်ဆုံး ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ထုတ်ပြသနိုင်သည်ဟု မြန်မာသတင်းအဖွဲ့က လေ့လာတွေ့ရှိရသည်။

နိုင်ငံနှင့် နိုင်ငံတကာအဖွဲ့အစည်း ၂၄၆(နိုင်ငံ/ဖွဲ့)က ပါဝင်ဆင်နွှဲလျက်ရှိပြီး နိုင်ငံနယ်နိမိတ်၊ တိုင်းရင်းသား မျိုးနွယ်စုနှင့် ဘာသာရေးယုံကြည်ချက်တို့အရ အပိုင်းအခြားမထားရှိဘဲ ခင်းကျင်းပြသကြသည်ကို တွေ့ရသည်။

ရှန်ဟိုင်းကုန်စည်ပြပွဲ၏ ထူးခြားသောကဏ္ဍတစ်ခုမှာ "မြို့ပြအကောင်းဆုံးလူနေမှုကျင့်စဉ်များကဏ္ဍ" (Urban Best Practices Area)ဖြစ်သည်။ ကုန်စည်ပြပွဲတွင် ပါဝင်ပြသကြသောနိုင်ငံများမှ မြို့ကြီးများ အနေဖြင့် သီးသီးသန့်သန့် ပြသနိုင်စေရန် ယင်းပြကွက်ကို ထည့်သွင်းထားခြင်းဖြစ်သည်။

ကုန်စည်ပြပွဲ၏ဦးတည်ချက်ဖြစ်သော "ပိုမိုတိုးတက်လာသောမြို့ကြီး၊ ပိုမိုမြင့်မားလာသော လူနေမှုဘဝ" **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❐

ဗိသုကာပညာအရ တစ်မူ ထူးခြားသော ယူနန်ပြည်နယ် ပြခန်းဆောင်ကို တွေ့ရစဉ်။

သစ်သားဖြင့် လှပစွာတည်ဆောက်ထားသော ဗင်ကူးဗား (ကနေဒါ)ပြခန်းဆောင်ကို တွေ့ရစဉ်။

အင်အားပြင်း မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဇွန် ၁

ယနေ့ နံနက် ၂ နာရီ ၂၄ မိနစ် စက္ကန့် ၃၀ အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် မိုင် ၄၂၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (အိန္ဒိယနိုင်ငံ ကပ္ပလီကျွန်း)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၄ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)